မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၁၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တောင်ဥက္ကလာပနှင့်လှိုင်မြို့နယ်ရှိ ဘုန်းတော်ကြီးစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၉ ကျောင်းတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီ မဟာမုနိဓမ္မာရုံကြီး၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သက်နဲ့အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၉ကျောင်းမှ ပဓာနနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တောင်ဥက္ကလာပမြို့နယ် ငွေကြာရံပရိယတ္တိစာသင်တိုက်ကြီး၏ နာယက အဖွဲ့ဝင် စာချဆရာတော် ဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တဓမ္မဒိန္နထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးများအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၈ ကော်လံ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် စာသင်တိုက် ၁၄တိုက်နှင့် သီလရှင် စာသင်တိုက်နှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေးလက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာ့အလင်း

သတင်း ဆောင်းပါးနှင့် အင်တာနက် အညွှန်း

ဆေးဝါးကျွမ်းကျင်သူများ ကုန်ထုတ်သမဝါယမ အသင်းလီမိတက်အနေဖြင့် နိုင်ငံတော်၏ ရည်မှန်းချက် တစ်ခုဖြစ်သော မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံကဲ့သို့ သွင်းကုန်အစားထိုး ဆေးဝါးများကို ထုတ်လုပ်ဖြည့်ဆည်း ပေးခဲ့သည်မှာ ၁၀နှစ်ကျော်တိုင်ခဲ့ပေပြီ။

အထက်မင်းလှညွှန့်အောင်၏ သတင်းဆောင်းပါး (စာ-၁၂)

ကမ္ဘာတစ်ဝန်း သောက်သုံးရေ ဖြုန်းတီး လေလွင့်မှုများ ရှိနေ

အင်တာနက်သတင်းနှင့်ဓာတ်ပုံ (စာ-၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းစေရေး လက်တွဲကြိုးပမ်း

ကမ္ဘာ့နိုင်ငံ အသီးသီးတွင် မြေအောက်ကထွက်သည့် ဓာတုဒီဇယ်ဆီနေရာကို အစားထိုးရန် မြေပေါ်သစ်ပင်များက ရရှိနိုင်သည့် ဇီဝဒီဇယ်ဆီကို စူးစမ်းရှာဖွေလာကြသည်။ အပင်က ရရှိနိုင်သည့် ဇီဝဒီဇယ်မှာ အပင်ကိုရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးပြုစု ထိန်းသိမ်းနေနိုင်သမျှ ကုန်ခန်းမသွားနိုင်ပေ။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းက ထွက်ရှိသည့်ရေနံသည် ပြည်တွင်းအသုံးပြုရန် မလုံလောက်၍ ပြည်ပက မှာယူတင်သွင်း အသုံးပြုနေရသည်။ နိုင်ငံတော်တည် ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လာရသည့်အတွက် ဒီဇယ်ဆီသုံးစွဲမှုသည်လည်း မြင့်တက်လာသည်။ ယနေ့ ကမ္ဘာ့ဒီဇယ်ဈေးနှုန်း မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံသည်လည်း ဇီဝဒီဇယ် ထုတ်လုပ်သုံးစွဲရန် ကြိုးပမ်းလာရသည်။

ယခုအခါ ခြံစည်းရိုးကြက်ဆူပင်မှ ဒီဇယ်ဆီအစားထိုးသုံးစွဲနိုင်သည့် ဇီဝဒီဇယ်ဆီကို လွယ်လွယ်ကူကူ ထုတ်လုပ်အသုံးပြုနိုင်ပြီဖြစ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်အောင် ဖိဖိစီးစီး တိုးတက်စိုက်ပျိုးသွားကြရမည် ဖြစ်သည်။

မကြာမီ ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သော ဇီဝဒီဇယ်ဆီဖြင့် သီးထပ်စိုက်ပျိုးရေးတွင် အပြည့်အဝ လုပ်ကိုင်နိုင်တော့မည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် မိမိတို့နိုင်ငံ၏ ပေါကြွယ်ဝသော ရေမြေသယံဇာတများကို အပြည့်အဝဖော်ထုတ်အသုံးချနိုင်ရေး ကြိုးပမ်းသွားကြရန်လိုပေသည်။

ယနေ့မြန်မာနိုင်ငံတွင် ပြည်နယ်၊ တိုင်း အသီးသီး၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး အားသွန်ခွန်စိုက် ကြိုးပမ်းနေကြပြီ ဖြစ်သည်။

လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုမည့် ဇီဝဒီဇယ်ဆီ ဖူလုံပိုလျှံစွာထွက်ရှိလာရေးအတွက် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းစေရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ပူးပေါင်းလက်တွဲကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကွန်ကရစ်ကြမ်းခင်းပြားများတပ်ဆင်ရာ၌ အဆက်နေရာများဂရုပြု ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း စီမံချက်အတိုင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ မန္တလေးဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင် ၌ မန္တလေးဘက်ကမ်းစီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်နှင့် စစ်ကိုင်းဘက်ကမ်းစီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းတို့က မိမိတာဝန်ယူဆောင်ရွက်ရသောလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဝန်ကြီးအား ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပံ့ပိုးပေး

ဝန်ကြီးက ကြိုတင်သွန်းလောင်း ကွန်ကရစ် ကြမ်းခင်းပြားများ တပ်ဆင်ရာ၌ တစ်ခုနှင့် တစ်ခုအဆက်နေရာများတွင် ဂရုပြုဆောင်ရွက်ရန်၊ ချဉ်းကပ်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းနှင့် ချဉ်းကပ်တံတားပေါ်၌ ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကိုလည်း စီမံချက်အတိုင်း ဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ပံ့ပိုးပေးသည်။

ရောဝတီတံတား (ရတနာပုံ)မှာ သံမဏိသံပေါင်ခုံး တံတားအမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည် ၃၆၉၄ပေ၊ မန္တလေးဘက်ကမ်း ချဉ်းကပ်တံတားပေ ၁၃၄၀၊ စစ်ကိုင်းဘက်ကမ်းချဉ်းကပ်တံတားပေ ၇၈၀ရှိ၍ စုစုပေါင်းတံတားအရှည် ၅၆၁၄ပေနှင့် ယာဉ်သွားလမ်းအကျယ် ၄၉ပေရှိ လေးလမ်းသွား တံတားဖြစ်သည်။

ဆက်လက်ဆောင်ရွက်လျက်ရှိ

ယခုအခါ သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းများအပြီးသတ် ဆောင်ရွက်လျက်ရှိပြီး မန္တလေးဘက်နှင့် စစ်ကိုင်းဘက် ချဉ်းကပ်တံတား ကွန်ကရစ်ကြမ်းခင်းလုပ်ငန်းများ ပြီးစီး၍ ပင်မတံတားပေါ်၌ ၃၆၇ ဒသမ ၅ ပေရှိ အခန်းလေးခန်း၌ ကွန်ကရစ်ကြမ်းခင်းပြားများ တပ်ဆင်ပြီး၍ ကျန်လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း လှည်းကူးမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံများကို ကျောင်းအုပ်ကြီးများထံ ပေးအပ် လှူဒါန်းစဉ်။ (မြို့တော်စည်ပင်)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လှည်းကူးမြို့နယ် အမကကျောင်းများသို့ စာသင်ခုံများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့နံနက်ဂနာရီက ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံများ လှူဒါန်းပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး စာသင်ခုံများ လှူဒါန်းသည်။

အခမ်းအနားကို နံနက်ဂနာရီတွင် လှည်းကူးမြို့ မြို့မဈေး ပထမထပ်ရှိ မင်္ဂလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကားပြောကြားပြီး လှည်းကူးမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများသို့ စာသင်ခုံ စုစုပေါင်း စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံ အစုံ ၁၀၀ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက လက်ခံယူကြသည်။

ပေးအပ်

ထို့နောက် ဇရပ်ကွင်း ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးမောင်အေးက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာစောင်ရေ၅၆၀ကို ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ထံ ပေးအပ်သည်။

ကျေးဇူးတင်စကား

ဆက်လက်၍ စာသင်ခုံများ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လှည်းကူးမြို့နယ် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဖိုးကွန်းက ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၄–၈–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၁၀ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၃၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ မိုးလေဝသသတင်း
၆း၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၂။ လျှပ်တစ်ပြက်
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း–၄)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ မေးမြန်းစူးစမ်း
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း–၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄–၈–၂၀၀၆ (တနင်္လာနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ (Irrigation Technology Centre)
၇း၂၅ တေးဂီတအစီအစဉ်
၇း၃၀ ပြည်တွင်းသတင်းအကျဉ်း
၇း၄၀ Music Gallery (မိုးစက်နှင်းဆီသို့တမ်းချင်း–၂)
၈း၁၀ တေးဂီတအစီအစဉ်
၈း၁၅ မိုးလေဝသခန့်မှန်းချက်
၈း၂၀ တစ်သက်တာစိတ်ချမ်းသာဖို့ ဥယျာဉ်ခြံမြေစိုက်ပျိုးစို့
၈း၃၀ တေးဂီတအစီအစဉ်
၈း၃၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၄၀ ကျန်းမာရေးကဏ္ဍ (အရေပြားကျန်းမာရေး– ဒေါက်တာစိုးဝင်းဦး)
၉း၁၅ တေးဂီတအစီအစဉ်
၉း၂၀ အသုံးပြုစရာ ကာဗွန်ဒိုင် အောက်ဆိုဒ်ဓာတ်ငွေ့
၉း၄၀ ပြည်တွင်းသတင်းအကျဉ်း
၉း၅၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၀း၀၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀ သွေးပြန်ကြောအားနည်းရောဂါအကြောင်း သိကောင်းစရာ (အပိုင်း–၁) (ဒေါက်တာခင်မောင်အေး)
၁၀း၂၅ တေးဂီတအစီအစဉ်
၁၀း၃၀ Fashion Fever (လေးထပ်ကွမ်း အကယ်ဒမီ မို့မို့မြင့်အောင်နှင့် တွေ့ဆုံခြင်း)
၁၁း၁၀ တေးဂီတအစီအစဉ်
၁၁း၁၅ ဉာဏ်ရည်ထက်မြက်သန်စွမ်းစေဖို့ မျိုးဆက်သစ်တို့ ရွှက်လွှင့်ကြစို့
၁၁း၄၀ တေးဂီတအစီအစဉ်
၁၁း၄၅ အန္တရာယ်ကင်းစေ ဘေးရှင်းစေ (လူမင်း၊ ဟန်နီထွန်း)
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ခြစ်ညည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော် ပင်းတယ၌ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ် ခြစ်ညည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်ကို ဇူလိုင်၂၆ရက်က ကျုံးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (တောင်ပိုင်း)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သောင်းအေးက အမှာစကားပြောကြားသည်။ လယ်ယာသုံး ကိရိယာများတွင် အသုံးပြုသည့် လောင်စာဆီနေရာ၌ ကြက်ဆူဆီအစားထိုး၍ မောင်းနှင်နိုင်ပြီဖြစ်၍ ၂၀၀၆ခုနှစ်တွင် ပင်းတယမြို့နယ်အတွင်း ခြစ်ညည်းရိုးကြက်ဆူပင်စိုက်ဧက ၅၅၀၀စိုက်ပျိုးရန် လျာထားချက်အတိုင်းဆောင်ရွက်ရာ စုစုပေါင်းစိုက်ပျိုးပြီး ဧက၅၅၀၅ ဧကရှိကြောင်း ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဆွတ်ခူးထားရှိသော ခြစ်ညည်းရိုးကြက်ဆူသီးများနှင့် ကြက်ဆူစေ့များအား ကြည့်ရှု၍ လိုအပ်သည်များကို ဆက်လက်အကောင်အထည်ဖော်ရန် မှာကြားခဲ့ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်း အမှတ် ၁၃၅ (ကေ/၂)နေ နှစ်ဖက်သော မိဘများကို အမှူးထား၍ ဦးကျော်ထက်ထွန်း-ဒေါ်နန္ဒာဝင်း၊ သမီး မဝင့်မြတ်ထက်၊ Sharon ထက်ယမင်းထွန်း မိသားစု တို့က ဘိုးဘွားများအား တစ်နေ့လုံးစာ အာဟာရကျွေးမွေးရန်နှင့် ဝတ်စုံများအတွက် ငွေကျပ်ခြောက်သိန်း ခုနစ်သောင်း ကိုးထောင့်နှစ်ရာကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊

၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊

၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

၇။ စစ်မှန်သောပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

မြန်မာ့ရုပ်မြင်သံကြား

၁၄-၈-၂၀၀၆ရက်(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၆။ တိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၅ ၈။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar made Easy

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
- ၁၇:၀၀ ၅။ အကပဒေသာ
- ၁၇:၁၀ ၆။ မြန်မာ့ရိုးရာတောခလေ့ ကျေးလက်တေးသံများ
- ၁၇:၂၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၃၅ ၈။ **"နှင်းကြည့်စမ်းပါ"** မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင် (ဒါရိုက်တာ-မင်းအုပ်စိုး)
- ၁၇:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ တေးဂီတအစီအစဉ်
- ၁၈:၄၅ ၁၃။ **"စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ်"** ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင်(ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
- ၁၈:၅၅ ၁၄။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) [အခြေခံပညာ ၁၀-၁၅နှစ်] (အမျိုးသား/အမျိုးသမီး)
- ၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဇူလိုင်နံနက်ခင်း"** (အပိုင်း-၁၇)
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း-၁၉)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အတီးပြိုင်ပွဲဝင်များလေ့လာရန် သတ်မှတ်သော သီချင်းများ

ယမန်နေ့ကအဆက်

ဒုံမင်း

၁။ ပညာရှင်အဆင့်

(က)	ပပဝင်းဝင်း	(ပတ်ပျိုး)
(ခ)	မှိုင်းပြာဝေ	(ပတ်ပျိုး)
(ဂ)	မြန်ချာမြေကို	(ပတ်ပျိုး)
(ဃ)	လျှပ်ပန်းခွေနွဲ့	(ယိုးဒယား)
(င)	သာတင့်ဆုံး	(ယိုးဒယား)
(စ)	မန်းတောင်လက်ယာ	(ယိုးဒယား)
(ဆ)	ဆဒ္ဒန်အိုင်သာ	(သီချင်းခံ)
(ဇ)	မာရဝိဇယ	(ဘွဲ့)

၂။ ဝါသနာရှင်အဆင့်

(က)	ညဥ့်သုံးယံခါ	(ပတ်ပျိုး)
(ခ)	သည်ဆောင်းဟေမန်	(ဘွဲ့)
(ဂ)	ဝိစိတြ	(ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့်

(က)	သီလာမြေယံ	(ကြိုး)
(ခ)	တောနှင့်တောင်စွယ်	(ယိုးဒယား)
(ဂ)	ဖုတ်သွင်းရထား	(ကာလပေါ်)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်

(က)	မင်းလမ်းစပ်ကာ	(ကြိုး)
(ခ)	နန်းဘုံသီဟာဇွေ	(ယိုးဒယား)
(ဂ)	မေတ္တာဂုဏ်	(ကာလပေါ်)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်

(က)	ဂန္ဓာမာတောင်	(ဘွဲ့)
(ခ)	ကျွန်းကျွန်းပိုင်သ	(ကြိုး)
(ဂ)	ခေတ်ဆန်းချိန်	(ကာလပေါ်)

၆။ အခြေခံပညာ(၅-၁၀)အဆင့်

(က)	သာယာ	(ကြိုး)
(ခ)	တံတျာ	(ကြိုး)
(ဂ)	ရွှေပဇ္ဇုန်	(ကာလပေါ်)

ဘင်ဂျို

၁။ ပညာရှင်အဆင့်

(က)	မင်္ဂလာသိရိ	(ဘွဲ့)
(ခ)	ထူးမခြားနား	(သီချင်းခံ)
(ဂ)	စိန်ကြောင်နီလာ	(ပတ်ပျိုး)
(ဃ)	အောင်မြေမြမန်း	(ပတ်ပျိုး)
(င)	အို သာတင့်ဆုံး	(ယိုးဒယား)
(စ)	မန်းတောင်လက်ယာ	(ယိုးဒယား)
(ဆ)	တောမြိုင်စွန်း	(ယိုးဒယား)
(ဇ)	ကောင်းချီးသင်္ဂါ	(မွန်)

၂။ ဝါသနာရှင်အဆင့်

(က)	ကန္တာတောခြေ	(ယိုးဒယား)
(ခ)	ရဝိန်ဒေါင်းယာဉ်ပျံ	(ပတ်ပျိုး)
(ဂ)	ပြိုင်ပွဲကြီး	(ခေတ်ဟောင်းကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့်

(က)	သီဒါသီဒါရောကြီး	(ကြိုး)
(ခ)	ဂန္ဓာမာတောင်	(ဘွဲ့)
(ဂ)	ရှင်သီဝလိ	(ခေတ်ဟောင်းကာလပေါ်)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်

(က)	ပန်းဟေဝန်	(ယိုးဒယား)
(ခ)	မှန်ရဝေ	(ပတ်ပျိုး)
(ဂ)	သာသနာ့ဒါယကာ	(ခေတ်ဟောင်းကာလပေါ်)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်

(က)	ညဥ့်သုံးယံ	(ပတ်ပျိုး)
(ခ)	ဆန်းနွေဦး	(ယိုးဒယား)
(ဂ)	ဂုဏ်တော်ဖွင့်	(ခေတ်ဟောင်းကာလပေါ်)

၆။ အခြေခံပညာ(၅-၁၀)အဆင့်

(က)	တံတျာတေရှင်	(ကြိုး)
(ခ)	သီဒါသီဒါ	(ကြိုး)
(ဂ)	သမ္ဗုဒ္ဓေ	(ခေတ်ဟောင်းကာလပေါ်)

ထူးခြားမှန်စွ အနာဂတ်လှ

- ❒ ကျောင်းတော်တစ်ခွင် အမှိုက်ကင်းစင် ဝန်းကျင်လည်းလှ ကျန်းမာကြ။
- ❒ ကျောင်းတော်တစ်ခွင် ခြင်ကျားကင်းစင် ပျော်ရွှင်ပါလှ ရောဂါကင်းကြ။
- ❒ ကျောင်းတော်တစ်ခွင် ဆေးလိပ်ကင်းစင် ရုပ်သွင်လည်းလှ ကျန်းမာကြ။
- ❒ ကျောင်းတော်တစ်ခွင် မူးယစ်ကင်းစင် ပြည်ခွင်သာစွ လူမျိုးလှ။
- ❒ စင်လေးစင်ထား ကျောင်းတော်များ ထူးခြားမှန်စွ အနာဂတ်လှ။ ။

ဒေါက်တာသန်းဦး

(၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၄ရက်မှ ၁၉ရက်အတွင်း ကျရောက်သည့် ကျောင်းကျန်းမာရေး ရက်သတ္တပတ်ကို ဂုဏ်ပြုလျက်-)

၂၀၀၆-၂၀၀၇ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်မှ (၁၉)ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် ကျိုနန်မြို့ရှိ သိပ္ပံနှင့် နည်းပညာ ပြတိုက်တွင် ကျောင်းသားကျောင်းသူများ လာရောက် လေ့လာနေသည်ကို ဩဂုတ် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အင်ဒိုနီးရှား၌ငလျင်လှုပ်

ဂျကာတာ ဩဂုတ် ၁၂

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆုမတြားကျွန်းပေါ်ရှိ အာချေးပြည်နယ်တောင်ဘက်တွင် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ရစ်ချ်တာစကေး၅ ဒသမ ၈ ရှိ ငလျင်တစ်ခုလှုပ်သွားခဲ့သည်။ ယင်းငလျင်နှင့် ပတ်သက်၍ ပျက်စီးဆုံးရှုံးမှု အသေးစိတ်မသိရှိရသေးပေ။

မြောက်ဆုမတြားပြည်နယ်ရှိ မီဒမ်မြို့နှင့် နီအက်စ်ကျွန်းတွင် ဩဂုတ် ၁၂ ရက် နံနက် ၃နာရီ ၄၅ မိနစ်ခန့်က ငလျင်တစ်ခု ထပ်မံလှုပ်ခဲ့ကြောင်း ဒေသဆိုင်ရာက သတင်းထုတ်ပြန်ခဲ့သည်။

၎င်းငလျင်သည် မြောက်လတ္တီတွဒ် ၂ ဒသမ ၄ ဒီဂရီနှင့်အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၃ ဒီဂရီ၊ ပင်လယ်ရေမျက်နှာပြင်အောက် ၁၈ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်သွားကြောင်း ဂျကာတာရှိ မိုးလေဝသနှင့် ဘူမိရုက္ခဗေဒဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ၌ ပထမဆုံး အိန္ဒိယဘဏ်ဖွင့်လှစ်

ရှန်ဟိုင်း ဩဂုတ် ၁၃

အိန္ဒိယနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ရေးဘဏ် အက်စ်ဘီအိုင်သည် ဩဂုတ် ၁၀ ရက်က ရှန်ဟိုင်း၌ ၎င်း၏ ရုံးခွဲသစ်ကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

အက်စ်ဘီအိုင် ရှန်ဟိုင်းရုံးခွဲသည် တရုတ်ပြည်မကြီး၌ တစ်ခုတည်းသော ရုံးခွဲဖြစ်သည်။ လတ်တလောတွင် ယင်းဘဏ်ခွဲသည် တရုတ်နိုင်ငံရှိ အိန္ဒိယကုမ္ပဏီများ၏ လိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း အက်စ်ဘီအိုင်ဥက္ကဋ္ဌ အိုအမ်ပရာလက်ရှ်ဘာဟတ်ကပြောကြားသည်။

မစ္စတာဘာဟတ်သည် ရှန်ဟိုင်းမြို့သို့ ဘဏ်လုပ်ငန်းဆိုင်ရာ အထူးခရီးစဉ်အဖြစ်ရောက်ရှိစဉ် အနာဂတ်ကာလတွင် တရုတ်၌ ကုန်သွယ်မှုဘဏ်ခွဲများ ပိုမိုဖွင့်လှစ်ရန်၊ ရှန်ဟိုင်းဘဏ်ခွဲများ တိုးချဲ့ ဖွင့်လှစ်ရန်နှင့် တရုတ်စီးပွားရေး ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးကတိပြုခဲ့သည်။

အခြေချ

မကြာသော နှစ်များက တရုတ်နိုင်ငံ၌ စီးပွားရေးလုပ်ကိုင်သော အိန္ဒိယနိုင်ငံသားများ အရေအတွက် ပို၍များပြားလာခဲ့ရာ အများစုမှာ ဆေးဝါးလုပ်ငန်းများ၊ ကားအပိုပစ္စည်း လုပ်ငန်းများ၊ အိုင်တီနှင့် အင်ဂျင်နီယာဆိုင်ရာများဖြစ်ပြီး တရုတ် အရှေ့တောင်ပိုင်းကမ်းခြေတွင် အခြေချ လုပ်ကိုင်လျက်ရှိကြသည်။

ကုန်သွယ်မှု

နှစ်နိုင်ငံကုန်သွယ်မှုမှာ ယမန်နှစ်က အမေရိကန်ဒေါ်လာ၁၈ဘီလီယံဖိုးရှိခဲ့ပြီး ၂၀၀၆ ခုနှစ် ပထမနှစ်ဝက်တွင်ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁၁ဒသမ၀၅ဘီလီယံဖိုး ရှိခဲ့သည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

လက်ဘနွန်တောင်ပိုင်းမှ ပြည်သူများ မြို့ကို စွန့်ခွာ၍ ထွက်ပြေးခဲ့ကြရ

မာဂျာယွန်း(လက်ဘနွန်) ဩဂုတ် ၁၂

ထောင်ပေါင်းများစွာသော အရပ်သားများနှင့် လက်ဘနွန်စစ်သား၃၅၀ ခန့်နှင့် ရဲတပ်ဖွဲ့ဝင်များသည် အစ္စရေးတို့ သိမ်းပိုက်ထားသော လက်ဘနွန်တောင်ပိုင်းရှိ နယ်စပ်မြို့နှစ်မြို့ရှိ စစ်မြေပြင်မှ မြောက်ဘက်သို့ ဩဂုတ် ၁၁ ရက်က ဦးတည်ထွက်ခွာသွားကြသည်။

အစ္စရေးတို့က ဩဂုတ်၁၀ ရက်က သိမ်းပိုက်လိုက်သော မာဂျာယွန်း နှင့် ကျူလီယာမြို့များမှ လက်ဘနွန်အရပ်သား ၃၀၀၀ ခန့်သည် လက်ဘနွန်တပ်ဖွဲ့ဝင်များအား တင်ဆောင်သည့် ဂျစ်ကားနှင့် ထရပ်ကားများနောက်မှ ကားများဖြင့် ထွက်ခွာသွားကြသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းတို့မြို့များမှ ထွက်ခွာသွားပြီး မကြာမီ အစ္စရေးတို့က အမြောက်ဖြင့် ရှစ်ချက်ပစ်ခတ်ခဲ့ရာ လက်ဘနွန်ယာဉ်တန်း၏ မီတာ၁၀၀တွင် အမြောက်ဆန်များကျရောက်ခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

လက်ဘနွန်နိုင်ငံ တောင်ပိုင်းတွင် အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပြိုကျပျက်စီးနေသော လူနေအဆောက်အအုံ တစ်ခုကို ဩဂုတ် ၁၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စရေး-လက်ဘနွန်တို့ အပစ်အခတ်ရပ်ရေးသဘောတူပြီ

ဘေရွတ် ဩဂုတ် ၁၃

အစ္စရေးနှင့် လက်ဘနွန်နိုင်ငံမှ ခေါင်းဆောင်များအနေဖြင့် အစ္စရေးနှင့် ဟစ်စ်ဘိုလာတို့အကြားတစ်လကြာမျှ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများကို ဩဂုတ်၁၄ရက် ဂရင်းနစ်စံတော်ချိန် ၀၅း၀၀နာရီတွင် အပစ်အခတ်ရပ်စဲကြရေးသဘောတူညီလိုက်ကြပြီးဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောကြားလိုက်သည်။

တိုက်ခိုက်မှုဖြစ်ပွားခဲ့သော လက်ဘနွန်တောင်ပိုင်းသို့ ကုလသမဂ္ဂတပ်ဖွဲ့ ဝင်များနှင့် လက်ဘနွန် တပ်ဖွဲ့ဝင်များ ရောက်ရှိလာချိန် သီတင်းတစ်ပတ် သို့မဟုတ်နှစ်ပတ်အတွင်း အစ္စရေးတပ်ဖွဲ့ဝင်များ စတင်ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် အီဟတ်အိုလ်မတ်ရုံးမှ သတင်းထုတ်ပြန်ချက် တစ်ရပ်ကို ကိုးကားပြီး အစ္စရေးသတင်းဌာနမှ သတင်းထုတ်ပြန်သည်။

အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်အနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အပစ်အခတ်ရပ်စဲရေးဆုံးဖြတ်ချက်ကို လက်ခံကာယခုကဲ့သို့ အပစ်အခတ်ရပ်စဲရေးကို သဘောတူညီခဲ့ခြင်းဖြစ်သည်။

အကောင်အထည်ဖော်

လက်ဘနွန် ဝန်ကြီးချုပ်ဖိုဒ်စီနီရိုရာက အပစ်အခတ်ရပ်စဲရေးကို ၎င်း၏ အစိုးရအဖွဲ့က လက်ခံခဲ့ကြောင်း ပြောကြားသည်။ ဟစ်ဇ်ဘိုလာခေါင်းဆောင် ရှိတ်ဟာဆင်နာဆရာလာ အစ္စရေးတပ်ဖွဲ့ဝင်များအနေဖြင့် အပစ်အခတ်ရပ်စဲရေးကိုချက်ချင်းအကောင်အထည်ဖော်ရန် ပြောကြားသည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ အပြန်အလှန်ပစ်ခတ် တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း လက်ဘနွန်ပြည်သူ ၁၀၆၁ဦးခန့်သေဆုံးပြီး အစ္စရေး ၁၃၅ဦးသေဆုံးခဲ့ရသည်။ ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမား ၅၀၀ခန့်သေဆုံးခဲ့ဟု သတင်းများ၌ ဖော်ပြသော်လည်း ဟစ်ဇ်ဘိုလာတို့က ၁၀၀ခန့်သာ သေဆုံးခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

အီရန်၌ရဟတ်ယာဉ်ပျက်ကျ လူခြောက်ဦးသေဆုံး

တီဟီရန် ဩဂုတ် ၁၃

အီရန်နိုင်ငံ မာဇန်ဒါရင် ပြည်နယ်တွင် ဩဂုတ် ၁၁ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသော လူခြောက်ဦးသေဆုံးသွားကြောင်း၊ အီရန်အရာရှိတစ်ဦးက နိုင်ငံပိုင် ရုပ်မြင်သံကြားသတင်း၌ ပြောကြားသည်။

အဆိုပါ ရဟတ်ယာဉ်သည် အီရန်နိုင်ငံမြောက်ပိုင်း ဒါမာဗင်တောင်အနီး ဒေသစံတော်ချိန် ဩဂုတ် ၁၁ရက် နံနက် ခြောက်နာရီခန့်က ပျက်ကျ သွားခဲ့ခြင်းဖြစ်သည်။

ထိုသို့ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသော ရဟတ်ယာဉ်အမှုထမ်းသုံးဦး၊ လေတပ်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အီရန်နိုင်ငံအမျိုးသားတောင်တက်အဖွဲ့ချုပ်မှ အဖွဲ့ဝင်တစ်ဦးတို့ သေဆုံးခဲ့ရသည်ဟု မာဇန်ဒါရင်ပြည်နယ်သဘာဝဘေးဒုက္ခဆိုင်ရာ ကူညီရေးအဖွဲ့ အကြီးအကဲဘတ်ဇက်ပေါ်မိုဟမ်မာဒီက ပြောကြားသည်။

အကြိုစုံစမ်း စစ်ဆေးမှုအရ မတော်တဆ ဖြစ်ရပ်တစ်ခုကြောင့် ၎င်းရဟတ်ယာဉ်ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု အီရန်အရာရှိတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် (၁၆)ကြိမ်မြောက် နိုင်ငံတကာ အေအိုင်ဒီအက်စ် ကွန်ဖရင့်ကို ကြိုဆိုသောအားဖြင့် မော်တော်ကားလမ်းတစ်ခု၏အဝိုင်း၌ ပန်းများအား အေအိုင်ဒီအက်စ်စာလုံးများ ပုံဖော်ကာ ဂုဏ်ပြုထားသည်ကို ဩဂုတ်၁၂ရက်၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်၌ခွေးနှင့်ကြောင်အကိုက်ခံရသူများ ၁၀နှစ်တာကာလအတွင်း ၅ဒသမ ၉သန်းခန့်ရှိ

ဟနွိုင်း ဩဂုတ် ၁၃

ဗီယက်နမ်နိုင်ငံ၌ ပြီးခဲ့သည့် ၁၀နှစ်တာကာလကစ၍ ခွေးများနှင့် ကြောင်များကိုက်ခံရမှုကြောင့် ခွေးရူးပြန်ကဲ့သို့သော ရောဂါဖြစ်ပွားသူ အရေအတွက်မှာ ၅ဒသမ၉သန်းခန့်ရှိကြောင်း၊ ထိုအရေအတွက်မှာ ဗီယက်နမ်နိုင်ငံတွင် ၁၉၉၆ ခုနှစ်မတိုင်မီကာလက ကိန်းဂဏန်းများထက် မြင့်မားစွာ များပြားနေကြောင်း ဗီယက်နမ်နိုင်ငံထုတ် လူငယ်သတင်းစာတွင် ဩဂုတ် ၁၁ရက်၌ ဖော်ပြထားသည်။

ခွေးရူးပြန်ရောဂါကြိုတင်ကာကွယ်

ယခုကဲ့သို့ ခွေးများနှင့် ကြောင်များအကိုက်ခံရမှုကြောင့် ခွေးရူးပြန်ကဲ့သို့သော ရောဂါဖြစ်ပွားမှုများ မြင့်မားလာရခြင်းမှာ ဒေသခံတို့ အနေဖြင့် ၎င်းတို့၏ တိရစ္ဆာန်များကို ခွေးရူးပြန်ရောဂါကြိုတင်ကာကွယ်ဆေး ထိုးနှံကြမှု မရှိခြင်းကြောင့်ဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနမှ ရရှိသော သတင်းကို အဆိုပါသတင်းစာ၌ ဖော်ပြသည်။

အမြစ်ပြတ်ချေမှုန်း

ဗီယက်နမ်နိုင်ငံတစ်ဝန်းတွင် ယခုအခါ ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးထားသည့် ခွေးများမှာ ၃၅ရာခိုင်နှုန်းခန့်သာရှိနေကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံတွင် နှစ်စဉ် အဆိုပါရောဂါဖြစ်ပွားမှုဒါဇင်များစွာ ရှိနေဆဲဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် လူဦးရေ ၈၅သန်းကျော်ရှိနေရာ ၂၀၁၀ ပြည့်နှစ်တွင် လူနှင့် ခွေးများအား ရောဂါကာကွယ်တားမြစ်ဆေးထိုးပြီးရန်နှင့် ၂၀၁၅ ခုနှစ်တွင် အမြစ်ပြတ်ချေမှုန်းရန် ကြိုးစားသွားမည်ဖြစ်သည်ဟု အဆိုပါသတင်းစာ၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ၂၀၀၇ခုနှစ် ရှန်ဟိုင်း အိုလံပစ်ပွဲတော်အတွက် ကလေးငယ်များ ရွှံ့စေးရုပ်တုများ ပြုလုပ်နေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

၂၃ နိုင်ငံမှ ခရီးသွားများအား မလေးရှားရောက်ချိန်၌ ဗီဇာထုတ်ပေးမည်

ကွာလာလမ်ပူ ဩဂုတ် ၁၃

နိုင်ငံ ၂၃နိုင်ငံမှ ခရီးသွားများသည် စက်တင်ဘာ ၁ရက်မှစ၍ မလေးရှားနိုင်ငံသို့ ဆိုက်ရောက်လာပါက မလေးရှားနိုင်ငံတကာလေဆိပ်တွင် ဗီဇာလျှောက်ထားနိုင်ကြောင်း အဆင့်မြင့်အရာရှိတစ်ဦးက ဩဂုတ် ၉ရက်က ပြောကြားသည်။

မလေးရှားအစိုးရသည် ခရီးသွားများ မလေးရှားနိုင်ငံသို့ ပိုမိုလာရောက်စေရန်အတွက် ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် ၂၀၀၇ ခုနှစ် မလေးရှားခရီးသွားနှစ်အတွင်း ပိုမိုလာရောက်စေရန်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ရက်ဇီရှိတ်အာမက်က ပြောကြားသည်။

ဗီဇာရရှိသူများကို မလေးရှားနိုင်ငံတွင် တစ်လနေထိုင်နိုင်ခွင့်ပြုမည်ဖြစ်သည်။ သို့သော် ဗီဇာကို အသုံးပြုပြီး တစ်လထက် ပိုမိုနေထိုင်ရန် ဆန္ဒရှိလျှင် မလေးရှားမှ ပြန်လည်ထွက်ခွာပြီးမှ ပြန်လည်ဝင်ရောက်လာရမည်ဖြစ်ကြောင်း ရက်ဇီက ပြောကြားသည်။

ပါဝင်

ယင်းနိုင်ငံ ၂၃နိုင်ငံတွင် အိန္ဒိယ၊ ပါကစ္စတန်၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့ ပါဝင်ကြောင်း ဒေသဆိုင်ရာ မီဒီယာများ၏ အစီရင်ခံတင်ပြချက်အရ သိရသည်။ သို့သော် မလေးရှားနိုင်ငံသို့ ရေကြောင်း သို့မဟုတ် ကုန်းကြောင်းမှ ဝင်ရောက်လာသူများကို ဗီဇာလျှောက်ထားခွင့်ပြုမည် မဟုတ်ကြောင်း ရက်ဇီက သတင်းထောက်များအား ပြောကြားသည်။

ရရှိနေဆဲ

ထို့အပြင် နိုင်ငံ အသီးသီးရှိ မလေးရှားမစ်ရှင်ရုံးများ၌ ဗီဇာလျှောက်ထားသူများအတွက် ပြည်ဝင်ခွင့် ဗီဇာများကို ယခုတိုင် ရရှိနေဆဲဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ယူဂန်ဒါမြို့တော် ကမ်ပါလာမြို့လယ်၌ ဆိုင်ကယ်စီးနင်းခွင့်ပိတ်ပင်မည်

ကမ်ပါလာ ဩဂုတ် ၁၃

ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့တွင် လာမည့်ဇန်နဝါရီမှ စတင်ကာ မြို့တွင်း၌ ပြည်သူများ ခရီးသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအဆင်ပြေမှု ဦးတည်ကာ မော်တော်ဆိုင်ကယ် စီးနင်းမောင်းနှင်မှုများကို ပိတ်ပင်ရန် ယူဂန်ဒါအစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုကဲ့သို့ ကမ်ပါလာမြို့တွင်း၌ မော်တော်ဆိုင်ကယ်စီးနင်း မောင်းနှင်မှုပိတ်ပင်ရန် စီစဉ်ရခြင်းမှာ မြို့တွင်း၌ ယာဉ်သွားလာမှု အဆင်ပြေစေရန်နှင့် မတော်တစ်ဆဖြစ်ရပ်များ လျော့ကျသွားစေရန်ဖြစ်ကြောင်း သိရသည်။

ယူဂန်ဒါနိုင်ငံ မြို့တော်ကမ်ပါလာတွင် မော်တော်ယာဉ်သုံးစွဲမှုပိုမိုများပြားလာလျက်ရှိရာ မော်တော်ဆိုင်ကယ်များက ယာဉ်အသွားအလာများ၌ မတော်တဆဖြစ်မှုများ ဖြစ်ပွားစေနိုင်သည်ဟု ဆိုသည်။

ဆိုင်ကယ်စီးနင်းမှု ပိတ်ပင်လိုက်ခြင်းဖြင့် မြို့တွင်း၌ ယာဉ်သွားလာမှု ပိုမိုအဆင်ပြေစေပြီး မတော်တဆ ထိခိုက်မှုများကို ကာကွယ်ခြင်းလည်းဖြစ်ကြောင်း ယူဂန်ဒါနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး ဂျွန်ဘယာဘာဂမ်ဘီက ပြောကြားသည်။ ကမ်ပါလာမြို့တွင် ဆိုင်ကယ်စုစုပေါင်း ၁၀၅၀၀၀ခန့်ကို ဆင်ခြေဖုံးဒေသများ၌ ပြောင်းရွှေ့စီးနင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ကိုယ်ပိုင်ရေနံတင်သင်္ဘောကြီးများ တရုတ်လိုအပ်နေ

ပေကျင်း ဩဂုတ် ၁၂

တရုတ်နိုင်ငံအနေဖြင့် ပြည်ပမှရေနံတင်သွင်းမှုကို အားကိုးနေရသည်ဖြစ်ရာ ရေနံတင်သင်္ဘောများ၏ လုံခြုံရေးအတွက် ပိုမိုလျင်မြန်စွာ ခုတ်မောင်းနိုင်သော ရေနံတင်သင်္ဘောများ လိုအပ်လျက်ရှိကြောင်း ပြည်တွင်းမီဒီယာများက ဩဂုတ်၁၁ရက်၌ ဖော်ပြသည်။

တင်သွင်း

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးမားဆုံး ရေနံတင်သွင်းသည့် နိုင်ငံဖြစ်ရာ နိုင်ငံ၏ ရေနံစိမ်းသုံးစွဲမှု ၄၃ရာခိုင်နှုန်းကို တင်သွင်းနေရသည်။

ဖော်ပြ

ရေနံတင်သွင်းမှု၏ ၉၀ ရာခိုင်နှုန်းခန့်ကို ပြည်ပမှ ရေနံတင်သင်္ဘောများကို အသုံးပြုနေရသည်ဟု ရှန်ဟိုင်းထုတ် သတင်းစာတစ်စောင်၌ ဖော်ပြသည်။

ထိုသို့ ရေနံတင်သွင်းရာ၌ လုံခြုံရေးအတွက် ပိုပြီးအစဉ်ပြေစွာ ဆောင်ရွက်နိုင်ရန် တရုတ်ပိုင်ရေနံတင်သင်္ဘောများအနေဖြင့် ပြည်ပမှတင်သွင်းလာသော ရေနံများ၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်းကို သယ်ယူတင်သွင်းနိုင်ရန် လိုအပ်ကြောင်း တရုတ်အရာရှိတစ်ဦးဖြစ်သူ လီယန်ဇန်က ပြောကြားသည်။

သယ်ဆောင်

ဂျပန်နိုင်ငံတွင် ပြည်တွင်းပိုင် ရေနံတင်သင်္ဘောများက ပြည်ပမှတင်သွင်းလာသော ရေနံ၏ ၈၀ ရာခိုင်နှုန်းကို ၎င်းတို့သင်္ဘောများဖြင့်သာ သယ်ဆောင်ခဲ့ကြကြောင်း လီယန်ဇန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဟစ်ဇ်ဘိုလာတို့ ဒုံးကျည် ၁၂၀ခန့်ပစ်ခတ်ခဲ့

ဂျေရုဆလင် ဩဂုတ် ၁၃

အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမားများက ဒုံးကျည် ၁၂၀ခန့်ကို ဩဂုတ် ၁၁ရက်က ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အစ္စရေးပြည်သူ ၁၁ဦးဒဏ်ရာရရှိခဲ့သည်ဟု ကယ်ဆယ်ရေးသမားများက ပြောကြားသည်။

ဟစ်ဇ်ဘိုလာတို့၏ ဒုံးကျည်ထိမှန်မှုကြောင့် အစ္စရေးအမျိုးသမီးကြီး တစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး အခြား၁၀ဦးလည်း ဒဏ်ရာရရှိခဲ့သည်ဟု အစ္စရေးနိုင်ငံရှိအရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းမှ မာဂင်ဒေးဗစ်အက်ဒွမ်က ပြောကြားသည်။

ပြောကြား

ထိုစဉ်အတွင်း လက်ဘနွန်နိုင်ငံ တောင်ပိုင်း ရာမီနင်ကျေးရွာ၌ ဟစ်ဇ်ဘိုလာတို့နှင့် တိုက်ခိုက်မှုဖြစ်ပွားသောကြောင့်အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာအပြင်းအထန် ရရှိသွားကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

အမိန့်ထုတ်

ထိုသို့ဖြစ်ရပ်များကြောင့် လက်ဘနွန်တောင်ပိုင်းဒေသများကိုစစ်ဆင်ရေး တိုးမြှင့်ဆောင်ရွက်ရန် အစ္စရေးဝန်ကြီးချုပ် အီဟုတ်အိုလ်မက်နှင့် အစ္စရေးကာကွယ်ရေးဝန်ကြီး အမီရာပီရက်ဇ်တို့က အမိန့်ထုတ်လိုက်သည်။

ထိပ်တိုက်ဖြစ်ပွား

လောလောဆယ်အချိန်တွင်လက်ဘနွန်တောင်ပိုင်းဒေသများတွင်စစ်ဆင်ရေးဆောင်ရွက်နေသော အစ္စရေး တပ်ဖွဲ့ဝင် ၁၀၀၀၀ခန့် ရှိနေသည်။ ၎င်းတပ်ဖွဲ့ဝင်များနှင့် ဟစ်ဇ်ဘိုလာတို့ အပြန်အလှန် တိုက်ခိုက်မှုများ ထိပ်တိုက်ဖြစ်ပွားလျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး ပန်းချီကား

ကမ္ဘာပေါ်တွင် အကြီးဆုံး ပန်းချီကားတစ်ချပ်ရေးဆွဲထားသည်ကို တွေ့ရစဉ်။(ယာပုံ)

အဆိုပါ ပန်းချီကားကို ဆွီဒင်နိုင်ငံ အင်ဂီလ်ဟိုလမ်မြို့တွင် ရေးဆွဲထားခြင်းဖြစ်ပြီး ဆွီဒင်ပန်းချီပညာရှင် ဒေးဗစ်အက်ဘတ်က ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ၎င်းပန်းချီကားသည် ပတ်လည်အကျယ် မီတာ၈၀၀၀ခန့်ရှိကြောင်း သိရသည်။ **(အင်တာနက်)**



ကမ္ဘာ့အသေးဆုံး ဟိုက်ဒရိုဂျင်စွမ်းအင်သုံးကား

ကမ္ဘာ့အသေးဆုံး ဟိုက်ဒရိုဂျင် လောင်စာစွမ်းအင်သုံးကားတစ်စီးကို တွေ့ရစဉ်။(ဝဲပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ နည်းပညာကုမ္ပဏီတစ်ခု၏ အလုပ်ရုံတွင် ပြသထားသော ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ကစားစရာပြိုင်ကားအား အတွင်းပိုင်းရှိ နည်းပညာများကိုပါ မြင်နိုင်အောင် ပြုလုပ်ဖန်တီးထားသည်။ ယင်းပြိုင်ကားသည် ကမ္ဘာတွင် အသေးငယ်ဆုံး ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ကားကလေးဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း သီတင်းတစ်ပတ်အတွင်း ကမ္ဘာ့သတင်းအကျဉ်း

စုစည်းတင်ပြသူ — မောင်မောင်မြင့်ဆွေ

သီတင်းတစ်ပတ်အတွင်းဖြစ်ပွားခဲ့သော ကမ္ဘာ့သတင်းထူးခြားဖြစ်ရပ်များ၏ သတင်းအကျဉ်းကို စုစည်းပြီး မြန်မာ့အလင်း ပရိသတ်အတွက် ဖော်ပြလိုက်ပါသည်။

ဩဂုတ် ၇ ရက် ။

- **ကမ္ဘာပေါ်တွင် တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်မိသည့်အတွက် တစ်နှစ်လျှင် လူနှစ်သိန်း** ခန့် ရောဂါဘယ ဖြစ်ပွားလျက်ရှိပြီး တစ်နေ့လျှင် လူ ၄၀ သေဆုံးနေရကြောင်း၊ ထိုသို့ သေဆုံးရောဂါဖြစ်ပွားမှုတွင် အမျိုးသား ၁၂ ဦးလျှင် တစ်ဦးနှင့် အမျိုးသမီးသုံးဦးလျှင် တစ်ဦးနှုန်းရှိကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။
- အိန္ဒိယနိုင်ငံက လာမည့်ငါးနှစ်အတွက် အခြေခံ အဆောက်အအုံများ တည်ဆောက်ရေးတွင် အမေရိကန် ဒေါ်လာ ၃၃၁ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ ယင်းအခြေခံ အဆောက်အအုံများမှာ လမ်းများ၊ လေဆိပ်များ၊ ဆိပ်ကမ်းများ အဆင့်မြှင့်တင်ရာတွင် **အသုံးပြုမည်ဖြစ်ကြောင်း ကြေညာသည်။**

ဩဂုတ် ၈ ရက် ။

- လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် ဟစ်ဇ်ဘိုလာတို့နှင့် အပြန်အလှန်တိုက်ခိုက်မှု ဖြစ်ပွားစဉ် အစ္စရေးတပ်ဖွဲ့ဝင် ၁၅ ဦးသေဆုံးပြီး ၄၀ကျော် ဒဏ်ရာရရှိခဲ့ခြင်းမှာ ဝမ်းနည်းဖွယ်ရာ အကောင်းဆုံး ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း အစ္စရေးစစ်ဘက်အရာရှိတစ်ဦးက ပြောကြားလိုက်သည်။
- အင်္ဂါဂြိုဟ်ပေါ်တွင် သက်ရှိသတ္တဝါနှင့် လူသားတို့နေထိုင်ရေးအတွက် လာမည့် ၁၀နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်လိုက်သည်။ အင်္ဂါဂြိုဟ်ပေါ်တွင် သက်ရှိသတ္တဝါများနေထိုင်ခဲ့ကြကြောင်း မိမိတို့ အထောက်အထားများရရှိခဲ့သည်ဟုလည်း နာဆာအဖွဲ့က ပြောကြားသည်။
- အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်တို့ တိုက်ခိုက်မှုကြောင့် ၁၀ဦးမြောက် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရပြီးနောက် မိမိတို့စိတ်ဓာတ်ကျဆင်းခဲ့ရကြောင်း အာဖဂန် **နစ္စတန်ရှိ ဗြိတိသျှစစ်ဘက်အရာရှိကြီးတစ်ဦးက ထုတ်ဖော်ပြောကြားလိုက်သည်။**
- အမ်တီဗွီနှင့် ဂိုဂယ်လုပ်ငန်းတို့က ကမ္ဘာတစ်ဝန်းတွင် တေးဂီတထုတ်လွှင့်မှုများကိုအတူ ပူးပေါင်းလုပ်ဆောင်ကြရန် သမိုင်းဝင် သဘောတူညီလိုက်ကြပြီဖြစ်ကြောင်း ကြေညာသည်။

ဩဂုတ် ၉ ရက် ။

- ခွဲစိတ်ကုသမှုခံယူထားသော ကျူးဘားသမ္မတကတ်စထရို ကျန်းမာရေး တိုးတက်ကောင်း **မွန်လာသဖြင့် သမ္မတတာဝန်များကို အပြည့်အဝပြန်လည် ထမ်းဆောင်နေပြီဖြစ်ကြောင်း** ကျူးဘားအစိုးရအဖွဲ့က သတင်းထုတ်ပြန်သည်။
- ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၁၆၉၆ကို ချမှတ်ပြီး အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်မှု ရပ်ဆိုင်းရန်၊ ထိုရပ်ဆိုင်းမှုကို ဩဂုတ်လကုန်မှ စတင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အချိန်ပေးလိုက်သည်။
- အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့၏ လက်နက်စစ်အင်အားကိုဖော်ပြရာ၌ ဟစ်ဇ်ဘိုလာတို့တွင် ဒုံးပျံ ၁၃၀၀၀နှင့် လက်နက်ကိုင်အင်အား ၃၀၀၀ရှိပြီး အစ္စရေးတွင် စစ်သည်အင်အား **၁၆၈၀၀၀၊ တိုက်လေယာဉ် ၄၀၂စင်း၊ ရေတပ်သင်္ဘော ၇၆စင်းရှိကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။**

ဩဂုတ် ၁၀ ရက်။

- တရုတ်နိုင်ငံတွင် ၂၀၀၈ ခုနှစ်၌ ကျင်းပမည့် ၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်အတွက် ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်မှုကို နိုင်ငံတကာမှ ရုပ်မြင်သံကြား ကုမ္ပဏီပေါင်း ၂၀၀ ကျော်တို့က လျှောက်ထားရာ တရုတ်အစိုးရက ခွင့်ပြုလိုက်သည်။ ၎င်းကုမ္ပဏီများသည် တရုတ်နိုင်ငံ၏ သမိုင်းဝင် အထောက်အထားနေရာများအား ရိုက်ကူးမှုအပါအဝင် ကဏ္ဍအများအပြားကို ခွင့်ပြုမည်ဟု သတင်းထုတ်ပြန်သည်။
- **အဆင့်မြင့် အီလက်ထရွန်နစ်စနစ်သုံး နိုင်ငံကူးလက်မှတ်ကို ကွန်ပျူတာကျွမ်းကျင်သူ** တစ်ဦးက ပြုပြင်ပြီး ဩစတြေးလျ လေဆိပ်လုံခြုံရေးကောင်တာကို ဖြတ်သန်းသွားရာ ဒေါ်လာသန်းချီ ရင်းနှီးမြှုပ်နှံကာ တည်ဆောက်ထားသော အီးပတ်စ်ပို့ လုံခြုံရေးစနစ်၌ လည်း ချို့ယွင်းမှုများရှိကြောင်း ဩစတြေးလျ မီဒီယာများက ဖော်ပြသည်။

- **အမေရိကန် ရေတပ်တပ်ဖွဲ့ဝင် အသက် ၂၁နှစ်အရွယ်ရှိ တပ်ဖွဲ့ဝင်တစ်ဦးသည် ရုရှား** နိုင်ငံအတွက် သူလျှိုလုပ်ပေးခဲ့ကြောင်း ပေါ်ပေါက်ခဲ့ရာ အမေရိကန်တို့ ဂုဏ်သိက္ခာ ထိခိုက်မှုဖြစ်ခဲ့ရသည်ဟု အမေရိကန်မီဒီယာများ ဖော်ပြသည်။

ဩဂုတ် ၁၁ ရက် ။

- **ကမ္ဘောဒီးယားနိုင်ငံ၌ ယာဉ်မတော်တဆ ဖြစ်မှုကြောင့် နေ့စဉ် လူသုံးဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိနေသဖြင့် ၁၉၉၀ မှ ၂၀၀၅ခုနှစ်အတွင်းသေဆုံးမှု၊ ထိခိုက်မှု ၁၅ ရာခိုင် နှုန်း တိုးမြင့်လျက်ရှိကြောင်း၊ ငွေကြေးဆုံးရှုံးမှုမှာ အမေရိကန် ဒေါ်လာ ၁၁၆သန်းဖိုးခန့် ရှိရာ ယင်းပမာဏမှာ ပြည်တွင်းစုစုပေါင်း ထုတ်ကုန်တန်ဖိုး၏ သုံးရာခိုင်နှုန်းရှိကြောင်း** သတင်းထုတ်ပြန်သည်။
- ရုရှားနိုင်ငံတစ်ဝန်း မြို့ကြီးများတွင်ရှိသော ပြတိုက်အားလုံးကို စစ်ဆေးမှုပြုလုပ်မည် ဖြစ်ကြောင်း၊ ပြတိုက်များတွင် ရှေးဟောင်းအနုပညာပစ္စည်းများခိုးယူခြင်းခံနေရမှုအပေါ် စုံစမ်းစစ်ဆေးမှုများဆောင်ရွက်သွားမည်ဟု သမ္မတပူတင်က ပြောကြားလိုက်သည်။ **(ယခုအခါ ပြတိုက်များမှ အနုပညာပစ္စည်းအမျိုးအစား ၂၀၀၀ကျော် ပျောက်ဆုံးလျက် ရှိသည်ဟု ရုရှားမီဒီယာများက ဖော်ပြသည်။)**

ဩဂုတ် ၁၂ ရက် ။

- ဥရောပတွင် အမေရိကန်နှင့် ဗြိတိန်နိုင်ငံများသို့ ပျံသန်းနေသော လေယာဉ်များကို **ဗုံးခွဲတိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုများဖြစ်ပေါ်ခဲ့သဖြင့် ဥရောပနိုင်ငံများနှင့် အာရှနိုင်ငံများက အမေရိကန်နှင့် ဗြိတိန်သို့ ပျံသန်းနေသော ခရီးသည်တင်လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရာ လေကြောင်းကုမ္ပဏီများ အကြီးအကျယ်ထိခိုက်နစ်နာမှုဖြစ်ခဲ့ရသည်ဟု ဂျာမနီလေကြောင်းလိုင်းက သတင်းထုတ်ပြန်သည်။**

- တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဟိုင်းမြို့တွင် လျှပ်ပြေးသံလိုက်ရထားတစ်စင်း မီးလောင်မှု **ဖြစ်ပွားရာ ခရီးသည်များအား အချိန်မီကယ်တင်နိုင်ခဲ့သည်။** (အပေါ်ပုံ) **တရုတ်နိုင်ငံတွင် လျှပ်ပြေး သံလိုက်ရထားမီးလောင်မှုမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း မှတ်တမ်းဝင်ခဲ့ရ** သည်။

ဩဂုတ် ၁၃ ရက် ။

- **တရုတ်နိုင်ငံသို့ တိုက်ခတ်ခဲ့သည့် ဆော်မိုင် မုန်တိုင်းကြောင့် လူ ၁၀၀ကျော်သေဆုံးပြီး ယခုအချိန်အထိ ၁၉၁ဦး ပျောက်ဆုံးဆဲရှိကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုသမိုင်းတွင် အဆိုးရွားဆုံးဖြစ်ကြောင်း တရုတ်နိုင်ငံက သတင်းထုတ်ပြန်သည်။**
- **အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့အကြား အပစ်အခတ်ရပ်စဲရေးကို သဘောတူညီလိုက် ကြသည်။ နှစ်ဖက် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများကို ဩဂုတ် ၁၄ရက်** (ယနေ့) **ဂရင်းနစ် စံတော်ချိန် ၀၅း၀၀နာရီ(မြန်မာစံတော်ချိန် ၁၁း၃၀)မှ စတင်ကာ ရပ်စဲမည်ဖြစ် သည်။**

(ကိုးကား-အင်တာနက်)

ကမ္ဘာတစ်ဝန်း သောက်သုံးရေ ဖြုန်းတီးလေလွင့်မှုများရှိနေ

လန်ဒန် ဩဂုတ် ၁၃

ကမ္ဘာတစ်ဝန်း လေလွင့်ဆုံးရှုံးမှုဖြစ်နေသော သောက်သုံးရေဖြုန်းတီးမှုများ ကာကွယ်ရေးနှင့် လျှော့ကျစေရေးတို့မှာ အကြီးအကျယ်လိုအပ်ချက်များရှိနေရာ ၎င်းမှာ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝပတ်ဝန်းကျင်တို့အပေါ် ဆိုးကျိုးရိုက်ခတ်လျက်ရှိကြောင်း လေ့လာသုတေသနပြုသူများက သတိပေးလိုက်သည်။

ပမာဏ

ကမ္ဘာ့နိုင်ငံ အသီးသီးတွင် လိုအပ်မှုမရှိဘဲ အသုံးပြုနေသော သောက်သုံးရေများ၊ နေအိမ်များတွင် သောက်သုံးရေကို စနစ်တကျအသုံးမပြုဘဲ သုံးစွဲနေမှုများ ရှိနေဆဲ

ဖြစ်ရာ ထိုသို့သောဆုံးရှုံးမှုများမှာ သောက်သုံးရေပမာဏ များလွန်းနေကြောင်း ၎င်းတို့က ပြောကြားသည်။

ပတ်ဝန်းကျင်

ထိုသို့နေ့စဉ်ဆုံးရှုံးပြီး အဟောသိကံဖြစ်နေသော သောက်သုံးရေများမှာ သဘာဝ တောရိုင်း တိရစ္ဆာန်များအပေါ်လည်း ဆိုးကျိုးရိုက်ခတ်လျက်ရှိသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။ ကမ္ဘာ့ဒေသအချို့တွင် သဘာဝ တောရိုင်းတိရစ္ဆာန်များ အနေဖြင့် သောက်သုံးရေရှားပါး ပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ယင်းနှင့် တစ်ချိန်တည်းတွင် ကမ္ဘာ့နိုင်ငံများ၌ သောက်သုံးရေဖြုန်းတီးမှုများဖြစ်ပေါ်နေခြင်းမှာ သင့်လျော်ခြင်းမရှိကြောင်းလည်း လန်ဒန်ရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သုတေသနပြုသူများက ပြောကြားသည်။

ယခုကဲ့သို့ သောက်သုံးရေဖြုန်းတီးမှုများ၊ လေလွင့်မှုများဖြစ်ပေါ်နေခြင်းကို ဟန့်တားခြင်း၊ သတိပေးထိန်းချုပ်ခြင်းနှင့် ကာကွယ်တားဆီးခြင်းတို့ကိုလည်း နိုင်ငံအလိုက်ပြုလုပ်သင့်ကြကြောင်းလည်း ၎င်းတို့ကတိုက်တွန်းထားသည်။

ကာကွယ်ရေး

ယခုအခါ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာ့ဒေသအများအပြားတွင် အပူချိန်မြင့်မားလာလျက်ရှိရာ ပင်လယ်၊ မြစ်၊ ချောင်းများ၏ ရေမျက်နှာပြင်နိမ့်ကျမှုနှင့် ခန်းခြောက်မှုတို့ ဖြစ်ပွားနေခြင်းကြောင့် သောက်သုံးရေ ဖြုန်းတီးမှုကို စနစ်တကျကာကွယ်ကြရေးအတွက်လည်း လန်ဒန်ရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အရာရှိ ဖီလ်ဘောစတန်က ပြောကြားသည်။ ။ **(ကိုးကား-အင်တာနက်)**

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

အထွေထွေရောဂါကု ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့၏ (၈)ကြိမ်မြောက် အထွေထွေရောဂါကု ဆရာဝန်ညီလာခံ ဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့် ဆေးပစ္စည်း ကိုယ်စားလှယ်များအား ဩဂုတ်၁၆ရက် မွန်းလွဲ ၁ နာရီခွဲတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းအစည်းအဝေးခန်းမ၌ တွေ့ဆုံ ဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွင်းသစ်များတူးဖော်ရန်အလားအလာကောင်းသောနေရာရွေးချယ် ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေးလုပ်ငန်းစဉ်များဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူ များလိုက်ပါလျက် ယမန်နေ့မွန်းလွဲ ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့သွားရောက်စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ ဝန်ကြီးအား ရှင်းလင်းဆောင်၍ ရေနံမြေအထွေထွေမန်နေဂျာ ဦးအေးမြင့်က ညောင်တုန်းရေနံမြေ၏ လက်ရှိတူးဖော်ထုတ်လုပ်နေမှု အခြေအနေကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး (တူးဖော်ရေး) ဦးရဲခေါင်က တွင်းသစ်အမှတ် (၃၄)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့မှုနှင့်လက်ရှိထုတ်လုပ်နေမှု အခြေအနေကိုလည်းကောင်း၊ ဘူမိဗေဒအရာရှိချုပ် ဦးခင်မောင်ကြည်က ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မည့် သဲကြောအသစ်များ၏ အခြေအနေနှင့် အလားအလာများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဝန်ကြီးက ညောင်တုန်းဒေသတွင် တွင်းသစ်များ ဆက်လက်တူးဖော်သွားနိုင်ရေး၊ ဘူမိအနေအထား၊ ဆက်စပ်လျက်ရှိသည့် ညောင်တုန်း၊ မအူပင်ဒေသများတွင် ရှာဖွေရေးတွင်းသစ်များ ဆက်လက်တူးဖော်သွားနိုင်ရေးတို့အတွက် မှာကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဘူမိဗေဒ၊ ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရှာဖွေရေး တွင်းသစ်များ တူးဖော်ရန်အတွက် အလားအလာကောင်းသော တွင်းနေရာသစ်များကို ရွေးချယ်သတ်မှတ်ပေးပြီး တွင်းတူးစက်နေရာချထားမှု အစီအစဉ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတို့ကို အသေးစိတ်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နေ့စဉ်ထုတ်လုပ်

ယင်းနောက် ဝန်ကြီးက တွင်းတူးဖော်ရေး အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများချီးမြှင့်ပြီး တွင်းသစ် အမှတ်(၃၄)သို့ သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါတွင်းသစ်အမှတ်(၃၄)မှ သဘာဝဓာတ်ငွေ့ ကုဗပေ ၃ ဒသမ ၇၅၇ သန်းနှင့် လေဆီ Condensate ၁၉စည်ကို နေ့စဉ်ထုတ်လုပ် လျက်ရှိသည်။

ထုတ်လုပ်ပေး

ယခုအခါ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့ ကုဗပေ၈၅သန်းကျော်နှင့် လေဆီ Condensate စည်ပေါင်း ၆၆၀ကို နေ့စဉ် ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း အမှတ်၁၀၅နေ ဦးဝင်းနောင်–ဒေါ်မေမြင့်ကြည် သမီး မအေးမိုး၊ မထူးသဉ္ဇာမိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် ဖခင်ကြီး ဦးအောင်မြင့် (၂၃)နှစ်ပြည့်အားရည်စူး၍ ဦးလှကြိုင်–ဒေါ်ခင်တင့်၊ ဦးထွန်းအောင်ကျော်–ဒေါ်အေးစန္ဒာ၊ သားလေး ဒီလရောင်မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ် လှူဒါန်းစဉ်။ (က–ပ)

ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ဇနီးနှင့်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ပြီးပြန်လည်ထွက်ခွာ

နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အယ်လ်ဘာတို၊ ဂျီ၊ ရိုမြူလိုနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဖိလစ်ပိုင်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသော ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အယ်လ်ဘာတို၊ ဂျီ၊ ရိုမြူလိုနှင့် ဇနီးနှင့်အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဇနီး၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မဒမ်ဖိုဘီအေဂိုမက်ဇ်နှင့်သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လေ့လာခဲ့

မြန်မာနိုင်ငံ၌ ရောက်ရှိနေစဉ် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး အယ်လ်ဘာတို၊ ဂျီ၊ ရိုမြူလိုနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၁ ရက်မှ ၁၂ ရက်အထိ မန္တလေးနှင့် ပုဂံရှိ သမိုင်းဝင်နေရာများနှင့် စိတ်ဝင်စားဖွယ်ရာ နေရာများသို့ သွားရောက်လေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**

ခွာရန်ရာနှုန်း ၆၀

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မင်္ဂလာတောင်ညွန့်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၂၇) ဆင်းပွဲကို ယနေ့မွန်းလွဲ၁၂နာရီခွဲက အမှတ်(၇) ဦးအောင်မြတ်လမ်းရှိ မြို့နယ်အသင်းရုံးတွင် ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင် ဦးတင်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ဒုတိယရဲမှူးမျိုးဝင်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်သိမ်းတို့ တက်ရောက်ကြသည်။

အမှာစကား

သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းတွင်ဆုရရှိကြသူများအား တာဝန်ရှိသူများက အသီးသီးဆုချီးမြှင့်ကြရာ သင်တန်းဆင်းလက်မှတ်အား မြို့နယ်အလုပ်အမှုဆောင်စည်းရုံးရေးရာ တာဝန်ခံ ဒေါ်ခင်စန်းမြင့်က ပေးအပ်ပြီး အသင်းဝင်သင်တန်းသားများက ၂၀၀၆ခုနှစ် မြို့နယ်နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးအတွက် အလှူငွေ ကျပ်၄၅၀၀၀ပေးအပ်ရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးဇော်လင်းက လက်ခံခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

■ ကျောဖုံးမှ

အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြရာ ပွဲချိန် ကိုးမိနစ်တွင် ဂျွန်အာနီရစ်ဆီက သွင်းယူခဲ့ခြင်းဖြစ်သည်။

ထို့နောက် မော်ရင်ဟို၏ ကစားသမားများသည် ချေပဂိုး ပြန်လည်သွင်းနိုင်ရေးအတွက် အကြိတ်အနယ် တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၄၄မိနစ်တွင် ချယ်လ်ဆီးအသင်း၏ တိုက်စစ်မှူးသစ် ရှက်ဗ်ချင်ကိုက လမ်းပတ်ဖြတ်ထိုးပေးလိုက်သော ဘောလုံး မှတစ်ဆင့် လှလှပပ ချေပဂိုးသွင်းယူလိုက်သည်။

ထခုန်ပျော်မြူး

ရှက်ဗ်ချင်ကို၏ဂိုးကြောင့် ချယ်လ်ဆီးဘောလုံးပရိသတ်နှင့် နည်းပြ မော်ရင်ဟိုတို့ ထိုင်ခုံမှ ထခုန်ကာ ပျော်မြူးနေသည်ကို တွေ့ရသည်။ ချယ်လ်ဆီးမှ ဘောလက်သည် ပွဲချိန် ၂၆မိနစ်တွင်ကာလူးနှင့်လည်းကောင်း၊ ပွဲချိန် ၇၂ မိနစ်တွင် ဒရော့ဘာအား ရိုက်ဖီးလစ်နှင့်လည်းကောင်း လူစားလဲကစားခဲ့သည်။

မျက်နှာပန်းလှ

တစ်ဖက်နှင့် တစ်ဖက် ပထမပိုင်း ပွဲပြီး ခရာမှုတ်ချိန်တွင် တစ်ဂိုးစီ သရေကျနေသဖြင့် ပေါင်သန်း ၃၀ဖြင့် မကြာမီက ခေါ်ယူလိုက်သော ရှက်ဗ်ချင်ကိုသည် ချယ်လ်ဆီးအသင်း၏ ကယ်တင်ရှင်အဖြစ် ပရိသတ်များ အကြားမျက်နှာပန်းလှနေသည်။

နှစ်သင်းစလုံး အပြန်အလှန် အနိုင်ဂိုးသွင်းယူနိုင်ရေးအတွက် ပွဲမှာပို၍ ကြည့်ကောင်းလာသည်။

ပွဲချိန် မိနစ် ၈၀ ပြည့်ချိန်တွင်မှ အရပ်အမြင့် ၆ပေ၇ လက်မ ရှိသော ပီတာခရော့ချ်က ဘယ်လာမီဝဲတောင်ပံမှ ဖြတ်ပို့သော ဘောလုံးကို ခြောက်ကိုက်အကွာမှ ခေါင်းတိုက်သွင်းယူလိုက်ချိန်တွင် အနီရောင်လီဗာပူး အသင်းသားများ တစ်ယောက်နှင့် တစ်ယောက်ပြေးဖက်ကာ အောင်ပွဲခံခဲ့ကြသည်။

လက်လျှော့လိုက်ရ

ကျန်အချိန်တွင် မော်ရင်ဟို၏ အပြာရောင်ကစားသမားများ အကြိတ်အနယ် ကစားသော်လည်း ချေပဂိုး သွင်းနိုင်ခြင်းမရှိတော့ဘဲ ကွန်မြူနတီဒိုင်းမျှော်လင့်ချက်ကို လက်လျှော့လိုက်ရသည်။

လီဗာပူးအသင်းသည် အဆိုပါ ကွန်မြူနတီဒိုင်းကို ဆွတ်ခူးနိုင်ခြင်းမှာ (၁၅)ကြိမ်မြောက် ဖြစ်သည်။ ပူးတွဲဆွတ်ခူးနိုင်မှုမှာ ငါးကြိမ်ဖြစ်ကြောင်း သိရသည်။

လှူဒါန်း

အဆိုပါဒိုင်းကို ၁၉၀၈–၁၉၀၉ ခုနှစ်ကစပြီးကျင်းပခဲ့ရာ ၂၀၀၂ခုနှစ်မှစပြီး ကွန်မြူနတီဒိုင်းဟု အမည်ပြောင်းကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲမှ ရရှိသော ဆုငွေများကို အလှူအဖြစ် လှူဒါန်းခြင်းကြောင့် မူလက ချာရတီဒိုင်းအဖြစ် ခေါ်ဆိုခဲ့ကြောင်း သိရသည်။ ။

(ကိုးကား–အင်တာနက်)

ခေါင်းတိုက်သွင်းယူ

ကွန်မြူနတီဒိုင်း၏ အဆုံးအဖြတ်ဂိုးကို ပီတာခရော့ချ်က ချယ်လ်ဆီး ဂိုးပေါက်ထဲသို့ ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။

(ဓာတ်ပုံ–အင်တာနက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၉ကျောင်းသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးထံမှ အလှူငွေများကို လက်ခံစဉ်။
(သတင်းစဉ်)

● ရှေ့ဖုံးမှ

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ဆီ၊ဆား၊ ဆေးနှင့် ပဲများကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီ ရေတပ်စခန်းဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီးနေဝင်းနှင့် မင်္ဂလာဒုံ လေတပ်စခန်း ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီး မင်းလွင်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်တော်လှူဒါန်း

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ သာသနာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီး ဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန ဝန်ထမ်းမိသားစုများ၊ ရန်ကုန် အရှေ့ပိုင်းခရိုင်နှင့် တောင်ဥက္ကလာပ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းငွေကျပ် ၁၉၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ က ငွေကျပ် ၁၉၀၀၀၀၊ ရန်ကုန် အရှေ့ ပိုင်းခရိုင်နှင့် တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် နှစ်သိန်း၊ တောင် ဥက္ကလာပမြို့နယ်မှ ပြည်သူများက ငွေကျပ် ၁၅ သိန်း၊ တောင်ဥက္ကလာပ စက်မှုဇုန်က ငွေကျပ် ၁၄ သိန်း၊ ဦးသုတ-ဒေါ်ခွာညိုမြင့်မိသားစု(မရမ်း ကုန်း) နှင့် ဦးအောင်ကြည် မိသားစု (မြောက်ဒဂုံ)တို့က ငွေကျပ်၁၀သိန်းစီ၊ ဒေါ်အုန်းကြည် သမီး ဒေါက်တာ မိုးမိုးလွင် (တာမွေ)၊ ဦးအေးကျော်-ဒေါ်ဖြူဖြူသွယ်(၉)ရပ်ကွက် (တောင် ဥက္ကလာ)နှင့် ဦးမြင့်မိုး-ဒေါ်ခင် စန်းမြင့်(ဖိုးဝသနပ်ခါး) တို့က ငွေကျပ် ရှစ်သိန်းစီ၊ ဦးဝင်းလွင်- ဒေါ်မြမြမော် မိသားစု(ကျော်စွာ ကုမ္ပဏီလီမိတက်)၊ ဦးအောင်မြတ် (Mother Trading Co.,Ltd.)နှင့် ပြည်ထောင်စုမြန်မာ နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်တို့က ငွေကျပ် ခြောက်သိန်းစီ၊ ဦးကျော် နိုင်ဦး (နိုင်ဂရုပ်ဆောက်လုပ်ရေး)၊ ဦးကျော်ကျော်လှိုင်(Smark Technical Services)၊ ဦးအိုက်လင်း (Great Nine ဆောက်လုပ်ရေး)၊ ဦးရှောက် ဆန်း (Yangon Crown Wire Co., Ltd.)၊ ဦးစန်းမြင့်-ဒေါ်အေး မိသားစု(၁၄)ရပ်ကွက်တောင်ဥက္ကလာ၊ ဦးစံညွန့်-ဒေါ်လှယဉ်ဖြူ မိသားစု (ဇင်္ဂီလလမ်း၊ သဃ်န်းကျွန်း)၊ ဒေါ်ခင် စန်း မိသားစု(သင်္ဂဟရွှေဆိုင် တောင် ဥက္ကလာ)၊ ဒေါ်နီနီထွန်း မိသားစု(FMI အိမ်ရာ)၊ ဦးစိန်ထွန်းမြင့်-ဒေါ်ချော စုမြတ်မိသားစု(စမ်းချောင်း)၊ ဒေါ်သင်း သင်းလှိုင် မိသားစု (သံတံတားလမ်း ကြည့်မြင်တိုင်)၊ ဦးဇော်မင်း(ပါရမီ ရေဆေးဆီလိုက်)နှင့် ဦးသန်းလွင်-ဒေါ်မင်းမင်းထွန်း(ရွှေပေါက်ကံမြို့သစ်) တို့က ငွေကျပ် ငါးသိန်းစီ၊ ဦးကျင် သိန်း-ဒေါ်အေးသစ်(ဝါးတန်းလမ်း၊ လမ်းမတော်)က ငွေကျပ် ၃၅၀၀၀၀၊

တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၉ကျောင်းသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုက လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲများကို မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးနေဝင်းနှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မင်းလွင်တို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

(ဦးသိန်းမောင်)-ဒေါ်ပါးပါးမိသားစု (စန္ဒိပရဆေးတိုက်)ကငွေကျပ်၃၀၃၀၀၀၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်း၊ ဒေါ်ခင်ဆွေဦး (မြန်မာ ရွှေသရဖူ ကုမ္ပဏီလီမိတက်)၊ဦးချစ်မွှေး(သပြေညို အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)၊ ဦးသက်ဇော် - ဒေါ်ထားထားနွယ် (Kawasho Transport Co.,Ltd.)၊ ဦးဗိုလ်ဆိုင် - ဒေါ်သန်းသန်းအေး မိသားစု (တက်နေ Co., Ltd.)၊ ဦးတင်လတ် မိသားစု (နယူးဒိုင်းမွန်း Co., Ltd.)၊ ဒေါ်ခင်သန်း မိသားစု (၃)ရပ်ကွက် တောင်ဥက္ကလာပ၊ ဦးစိုး မြင့်-ဒေါ်ချိုချိုအောင် (၃)ရပ်ကွက် တောင် ဥက္ကလာပ၊ သဘာဝ မုန့်ဟင်းခါး (၆)ရပ်ကွက် တောင်ဥက္ကလာပ၊ ဦးအောင်မျိုး-ဒေါ်အေးအေးသန်း (၃)ရပ်ကွက် တောင်ဥက္ကလာပ၊ ဦးမောင်မောင်-ဒေါ်သန်းသန်းဝင်း (၃)ရပ်ကွက် တောင်ဥက္ကလာပ၊ ဒေါ်ကြည်ကြည်မြ မိသားစု(ငွေကြာရံ ရိပ်သာ)၊ ဦးဝင်းမောင်-ဒေါ်တင်ရီ (၁၃)ရပ်ကွက် တောင်ဥက္ကလာပ၊ ဦးထွန်းရ-ဒေါ်ကျင်လှိုင်(ရောင်နီဦး ရွှေဆိုင်၊ တောင်ဥက္ကလာပ)၊ ဦးစိုးရှင်-ဒေါ်မြနွယ်(၆)ရပ်ကွက် တောင် ဥက္ကလာပ၊MVIP မော်တော်ကား ထုတ်လုပ်ရေး (စက်မှုဇုန် တောင် ဥက္ကလာပ)၊ ဦးစိုးနှင့် ညီများ မော်တော်ကားထုတ်လုပ်ရေး (စက်မှုဇုန် တောင်ဥက္ကလာပ)နှင့် ဦးခင်ဇော်-ဒေါ်ခင်ဆွေဦး (ကျားကိုးကောင် ကားထုတ်လုပ်ရေး)တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးမောင်မောင်နှင့် ညီများ (ဂရိတ်ဝေါလ်ဆေးဝါး ထုတ်လုပ်ရေး)၊ ဦးသောင်းလွင် - ဒေါ်ခင်စန်းနွယ် (၁၀)ရပ်ကွက် တောင်ဥက္ကလာပ၊ ဦးသာကျော် - ဒေါ်ခင်စန်းဝင်း (၁၀)ရပ်ကွက် တောင်ဥက္ကလာပနှင့် ဦးရှုအောင်-ဒေါ်အေးအေးဝင်း (၁၄) ရပ်ကွက် တောင်ဥက္ကလာပတို့က ငွေကျပ် ၂၅၀၀၀၀စီ၊ သီရိသုဓမ္မ မဏိဇောတရေ ဦးစိုးသိန်း(နေအောင် ကုမ္ပဏီလီမိတက်)-ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ် ရုံး)နှင့် ဦးကျော်စံ-ဒေါ်စိုးစိုး (မြန်မာ့ လက်မှု အနုပညာလုပ်ငန်း၊ ရွှေတိဂုံ ဘုရား အနောက်ဘက်မုခ်)၊ ဦးသိုင်း ဝင်း-ဒေါ်ဌေးဌေးညွန့်(BTB Co., Ltd.)၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN Co., Ltd.)၊ ဦးသောင်းစိန်-ဒေါ်သန်းခင် (ကန်တော်ကလေး)၊ ဦးစိန်တင်-ဒေါ်တင်တင်ဝင်း (အင်းလျားလမ်း)၊ ဦးမြင့်သိန်း-ဒေါ်အေးအေးငြိမ်း(၁၅) ရပ်ကွက် တောင်ဥက္ကလာပ၊ ဦးမြင့် သန်း-ဒေါ်စိန်စိန် (၁၀)ရပ်ကွက် တောင်ဥက္ကလာပ၊ဦးပေါ်ထွန်း-ဒေါ်ခင် ရွှေ (ရောင်နီဦးရွှေဆိုင်၊ တောင် ဥက္ကလာပ)၊ ဦးစိုးတင့်-ဒေါ်မြမြ(၅) ရပ်ကွက် တောင်ဥက္ကလာပနှင့် (ဦးစိုး သိန်း)-ဒေါ်နန်းကြိုင်မိသားစု (၁၀) ရပ်ကွက် တောင်ဥက္ကလာပတို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာ ကုမ္ပဏီ)က ငွေကျပ် ၁၉၀၀၀၀၊ တောင်ဥက္ကလာပမြို့နယ် ဆန်ကုန်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း လှိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် စာသင်တိုက် ၁၄တိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

သည်များအသင်းနှင့် ဦးဝင်းကြိုင်-ဒေါ်တင်တင်ရွှေ(၁၃)ရပ်ကွက်တောင် ဥက္ကလာပတို့က ငွေကျပ်၁၅၀၀၀၀ စီ၊ ဦးမင်းဇော်-ဒေါ်မာမာလွင်မိသားစု (၁၃)ရပ်ကွက် တောင်ဥက္ကလာပနှင့် ဦးတင်လှမိသားစု(Camel Co., Ltd.)တို့က ငွေကျပ်၁၀၀၀၀၀စီ အပါ အဝင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေး ဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တပ်မတော်အရာရှိကြီး များက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်း လွှာများကို ပြန်လည် ပေးအပ်ကြ သည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် မင်္ဂလာဒုံ လေတပ် စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မင်းလွင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်းအကြောင်း ကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် တောင်ဥက္ကလာပ မြို့နယ် ငွေကြာရံ ပရိယတ္တိစာသင် တိုက်နာယကအဖွဲ့ဝင်စာချဆရာတော် ဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တဓမ္မ ဒိန္နထံမှ ပရိသတ်များက အနုမောဒနာ တရား နာကြားကြပြီး လှူဒါန်းမှုအစုစု တို့ အတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။

ထို့နောက် ဥက္ကလာပစေတီတော် ဝတ်အဖွဲ့က အရပ်ဆယ်မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တောင်ဥက္ကလာပမြို့နယ်အတွင်း ရှိ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၄၂၈ အိတ် ကိုးပြည်၊ ဆီပိဿာ၁၈၀၊ အိုင်အိုဒင်းဆား ၁၆၉၉ပိဿာ၊ တိုင်း ရင်းဆေးမျိုးစုံ ၁၀၈၅ ဘူး၊ ပဲ၃၄၀ ပိဿာ၊ ဆပ်ပြာ ၁၆၉၉ တောင့်၊ သွားတိုက်ဆားဘူး ၃၄၀ နှင့် ဆွမ်း ပဒေသာပင်အတွက် စုစုပေါင်း ငွေ ကျပ်၂၇၉၅၈၀၀၀ဖြစ်သည်။

လှိုင်မြို့နယ်

အလားတူ ရန်ကုန်တိုင်း ရန်ကုန် အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးသင် စာသင် တိုက် ၁၄ တိုက်နှင့် သီလရှင်စာသင် တိုက် နှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်း ပဒေသာပင် အလှူငွေများ ပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမ စာသင်တိုက်၌ ကျင်းပရာ ကာကွယ် ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သက်နှင်းအစရှိသော လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြသည်။

ကြည်ညို

အခမ်းအနားသို့ ရန်ကုန် အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးသင်စာသင် တိုက် ၁၄ တိုက်မှ ပဓာနနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာ တော်များ၊ သီလရှင် စာသင်တိုက် နှစ်တိုက်မှ သီလရှင်ဆရာကြီးများ ကြွရောက်ကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီး အကဲများ၊ ခရိုင် နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နိုင်ငံတော်သြဝါဒ စရိယ ပဏ္ဍိတာရာမ စာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ ငါးပါး သီလ ခံယူဆောက်တည်ကြပြီး ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေက ဆရာတော် ကြီးများအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်း သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော် အရာရှိကြီးများက ဆရာတော် သံဃာ တော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆက်လက် ၍ သီလရှင်ဆရာကြီးများအား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲများ ကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ ကိုယ်စား ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုး နိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးနေဝင်းနှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှဒုတိယဗိုလ်မှူးကြီး မောင်မောင်ကျော်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းအေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ ရန်ကုန် အနောက် ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လှိုင်မြို့နယ်

❍ ကျော့ဖုံးမှ

ထို့နောက်ဆရာတော်သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုတို့က ဆရာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ဗိုလ်မှူးကြီးမြင့်ထွန်း(ရေ)နှင့် ဗိုလ်မှူးကြီးချန်မောင်(လေ)တို့က ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသော ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်း

မှ (ဦးသိန်းမောင်)–ဒေါ်ပါးပါးတို့က ငွေကျပ်၃၀၃၀၀၀၊ ဂရိတ်ဝေါတိုင်းရင်းဆေးထုတ်လုပ်ရေးမှ ဦးမောင်မောင်ဦး၊ ထက်လင်းဆေးတိုက်မှ ဦးခင်မောင်ထွန်း၊ သား–မောင်ထက်လင်း၊ TZTMကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးသက်လင်းမိသားစုနှင့် ကျော်ဝင်းအိန်ကုမ္ပဏီလီမိတက်မှ ဦးကျော်ဝင်း–ဒေါ်ရီလေးဝေမိသားစုတို့က ငွေကျပ်သုံးသိန်းစီ၊ ပြည်လုံးချမ်းသာဆေးတိုက်မှ သမားတော်ဦးဘိုကြီး–ဒေါ်သန်းသန်း၊ အေဒင်ကုမ္ပဏီမှ ဦးချစ်ခိုင်၊ WEGကုမ္ပဏီမှ ဦးဝင်းနိုင်၊ ယူနီဗာဆယ်ကုမ္ပဏီမှ ဒေါက်တာဇော်ထွန်း၊ WHKကုမ္ပဏီမှ ဦးမြင့်အောင်၊ မိုးကြယ်စင်ကုမ္ပဏီမှ ဦးပြည့်ဖြိုးအောင်နှင့် ရွှေတောင်ကုမ္ပဏီမှ ဦးအောင်သန်းတို့က ငွေကျပ်နှစ်သိန်းစီ၊ ချမ်းမြေ့စတိုးမှ ဦးသန်းမောင်–ဒေါ်ငွေကြည်တို့က ငွေကျပ် ၁၅၃၀၀၀၊ ဦးအောင်ဇော်မြင့်တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် သီရိသုဓမ္မ သိင်္ဂီ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်မိသားစုနှင့် ယုနိုက်တက်ဝင်းနားအင်တာ နေရှင်နယ်ကုမ္ပဏီမှ သီဟသုဓမ္မသိင်္ဂီ ဒေါ်မြသိန်း၊ သား ဦးရန်ရှင်းတို့က ငွေကျပ်၁၁၀၀၀၀စီ၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ဆန်းမြန်မာကုမ္ပဏီမှ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန်၊ မှန်ချိုဆေးတိုက်မှ သမားတော်ဦးလှဌေး–ဒေါ်တင်နွယ်ဦး၊ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်မှ

ပါရမီသွေးလှူရှင်အသင်းတို့က ငွေကျပ်၃၅၀၀၀စီ၊ လယ်ဝေးမြို့ အမှတ်(၃)ရပ်ကွက်မှ ဦးသီအေး၊ အမှတ်(၃)ရပ်ကွက်မှ ဦးလင်းလင်း၊ သာဝတ္ထိမြို့မှ ဒေါ်မီးမီး၊ သာဝတ္ထိမြို့မှ ဦးကိုကြီး၊ အမှတ်(၂)ရပ်ကွက်မှ ဦးမိုးကျော်၊ အမှတ်(၁)ရပ်ကွက်မှ ဦးဝင်းအောင်၊ အမှတ်(၆)ရပ်ကွက်မှ ဦးသော်တာထွန်း၊ အေလာမြို့မှ ဦးအေး–ဒေါ်စန်းရင်၊ အင်းသာမှဦးအောင်သိန်း၊ သာဝတ္ထိမြို့ မှ ဦးမင်းရင်၊ သာဝတ္ထိမြို့မှ ဦးလှအောင်နှင့် လယ်ဝေးမြို့ အမှတ်(၂)

လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်နှင့်အေလာမြို့ ရတနာပုံတောရ ပရိယတ္တိစာသင်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ဗိုလ်မှူးကြီးမြင့်ထွန်း(ရေ)နှင့် ဗိုလ်မှူးကြီးချန်မောင်(လေ) တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ လယ်ဝေးမြို့နယ်အတွင်းရှိ ပြည်သူများနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် တိုင်းရင်းဆေးမျိုးစုံတို့ကို ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဆွမ်းပဒေသာပင်အတွက် အလှူရှင်များဖြစ်ကြသော တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုက ငွေကျပ်နှစ်သောင်း၊ ပျဉ်းမနားခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသောင်း၊ လယ်ဝေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ငွေကျပ် ၃၆၉၀၀၀၊ လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ငွေကျပ်သုံးသောင်းစီ၊ ရွှေသံလွင်ကုမ္ပဏီမှ ဦးကျော်ဝင်းက ငွေကျပ်ငါးသိန်း၊ စန္ဒီပရဆေးမိသားစု

ဒေါ်လှလှ၊ ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးကြည်စိုး–ဒေါ်ဌေးဌေးရီ၊ ထွန်းရွှေဝါဆေးတိုက်မှ ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေ၊ MWEPကုမ္ပဏီမှ ဦးသိန်းဟန်၊ ကျော်သီရိကုမ္ပဏီမှ ဦးကျော်မောင်မောင်ဟိန်း၊ ကုဿိတံကုမ္ပဏီမှ ဒေါ်သင်းသင်းအေး၊ တက်လမ်းကုမ္ပဏီမှ ဦးရှိန်ဝင်း၊ လယ်ဝေးမြို့နယ် ရေလည်ကွေ့ကျေးရွာအုပ်စုမှ ဦးအောင်ရှိန်–ဒေါ်ကြည်ထွေးနှင့် လယ်ဝေးမြို့ အမှတ်(၃)ရပ်ကွက်မှ ဦးတင်စိုး–ဒေါ်ခင်စန်းရီတို့က ငွေကျပ်တစ်သိန်းစီ၊ သာဝတ္ထိမြို့မှ ဦးကျော်–ဒေါ်မြင့်ကြည်တို့က ငွေကျပ်၅၂၀၀၀၊ သာဝတ္ထိမြို့မှ ဦးသက်ခိုင်–ဒေါ်ခိုင်ခိုင်မြင့်နှင့် လယ်ဝေးမြို့နယ် မော်တော်ယာဉ်ပိုင်ရှင်များအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ကပ်ပါးကုမ္ပဏီမှ ဒေါ်သန္တာနေဝင်းနှင့် လယ်ဝေးမြို့မှ

ရပ်ကွက်မှမဝါတို့က ငွေကျပ်သုံးသောင်းစီတို့ကိုပေးအပ်လှူဒါန်းကြရာသာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ တွဲဖက်စစ်ရေးချုပ်ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်အောင်သိမ်း၊ ဗိုလ်ချုပ်သန်းအောင်၊ ဗိုလ်ချုပ် စောလှ၊ ဗိုလ်မှူးကြီး မြင့်ထွန်း(ရေ)နှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်တို့က အသီးသီးလက်ခံကြသည်။

ထို့နောက် ဗိုလ်မှူးကြီး ချန်မောင်(လေ)က တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေး ပညာဦးစီးဌာန ဝန်ထမ်းမိသားစုနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်လှူဒါန်း

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၁၆၀၀၀၀စီ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ သုဓမ္မဇောတဓရ ဦးဖေယျာသူရမွန် – ဒေါ်ခိုင်ခိုင်မြင့် (Gunkun Engineering and Fresh Air Conditioners Co., Ltd.) နှင့် ကွယ်လွန်သူ မသူဇာအား ရည်စူး၍ ဒေါက်တာခင်သက်မော်တို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးထွေးလှိုင်–ဒေါ်ဥမ္မာ၊ မေတ္တာဝါဒီကျောင်းကြီးကြပ်ရေးကော်မတီနှင့် အလှူဒါယကာများနှင့် ရတနာသိခ်ပရိယတ္တိစာသင်တိုက်နှင့် ဓမ္မယောဂီတို့က ငွေကျပ် သိန်း ၂၀ စီ၊ ဝါယာလက်စာသင်တိုက် ဒါယကာဒါယိကာမများက ငွေကျပ် ၅၀၅၀၀၀၊ မုဒုံမောင်မောင်ကားပစ္စည်း ရောင်းဝယ်ရေးနှင့် ဒဂုံဂျစ် ထုတ်လုပ်ရေး မိသားစုက ငွေကျပ် ငါးသိန်း၊ လှိုင်မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ ဌာနဆိုင်ရာများနှင့် ဈေးများမှ စုပေါင်း လှူဒါန်းငွေကျပ် ၃၂၂၀၀၀၊ ဦးရဲအောင်–ဒေါ်လှဲ့လှဲ့ဝင်း (သီရိကုဋေကြွယ်ကုမ္ပဏီ)က ငွေကျပ် ၃၀၅၀၀၀၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ်၃၀၃၀၀၀၊ ဘုတ်ဆုံမင်္ဂလာရတ်သီးမှုန့်လုပ်ငန်းနှင့် လှိုင်မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများတို့က လှူဒါန်း ငွေကျပ် သုံးသိန်းစီ၊ ဦးစောသူသူ အောင်–Missမာစီသော် (ဒေဗီအောင် အေဂျင်စီ ဝန်ဆောင်မှု လီမိတက်)က ငွေကျပ် ၂၀၅၀၀၀၊ ဦးကိုကိုအောင်– ဒေါ်နီနီတိုးဝင်း မိသားစု (PTT Co., Ltd. နှင့် ရွှေအိုးဝေ မိသားစု)၊ လှိုင်မြို့နယ် အတွင်းရှိ ရပ်ကွက်အသီးသီးမှ အလှူရှင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၊ သီရိသုဓမ္မ သိင်္ဂီ ဒေါ်အေးမြတ်နွယ်(ပုဂံဟိုတယ်)၊ ဦးသိုင်းဝင်း– ဒေါ်ဌေးဌေးညွှန့်(BTB Co.,Ltd.)နှင့် သီဟသုဓမ္မဇောတဓရ ဦးတင်ဝင်း – သီရိသုဓမ္မ သိင်္ဂီ ဒေါ်စန်းစန်းဝင်းတို့က ငွေကျပ် နှစ်သိန်းစီ၊ဆန်းမြန်မာ အင်တာနေရှင်နယ် အင်းပက်ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၆၀၀၀၀၊ လှိုင်ကမ်းနား အုတ်၊ သဲ၊ ကျောက် လုပ်ငန်းရှင်များက ငွေကျပ် ၁၅၀၀၀၀၊ ဒေါ်သန်းနု(ဒေါ်နုပစ္စည်း ငှား လုပ်ငန်း)၊ ဦးတင်လှ(Camel International Co.,Ltd)တို့က ငွေကျပ် ၁၁၀၀၀၀ စီ၊ အမှတ် (၁၆) ရပ်ကွက်ဥက္ကဋ္ဌ ဦးလှထွန်းနှင့် အလှူရှင်များ၊ လှိုင်မြို့နယ်အတွင်းရှိ ဆီကုန်သည်များ၊ ဒေါ်လှကြည်(မာဃ ဆေးပေါ့လိပ် လုပ်ငန်း)၊ ဦးမောင်မောင်နှင့် ညီအစ်ကိုများ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်းနှင့် သုဓမ္မဇောတဓရ ဦးအောင်မွန်–ဒေါ်လှလှမော်(မြင့်အောင်မြတ် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေး လီမိတက်) တို့က ငွေကျပ် တစ်သိန်းစီ အပါအဝင် အလှူရှင်များက အလှူငွေများကို ပေးအပ် လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တပ်မတော် အရာရှိကြီးများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးနိုင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ပဏ္ဍိတာရာမ စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

မေတ္တာပို့သ

ထို့နောက် လှိုင်မြို့နယ် အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူလေးများ ဝတ်အဖွဲ့က အရပ်ဆယ်မျက်နှာ မေတ္တာ ပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ယနေ့ လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၃၁၅အိတ် ၁၈ပြည်၊ ဆီ ၁၃၃ပိဿာ ၄၀ကျပ်သား၊ အိုင်အိုဒင်းဆား ၂၂၈ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ဘူး ၁၇၂၀၊ ပဲ ၂၆၆ပိဿာ ၈၀ကျပ်သား၊ ဆပ်ပြာ ၁၇၆၆ တုံး၊ သွားတိုက်ဆား၂၆၉ ဘူးနှင့် ဆွမ်းပဒေသာပင်အတွက် စုစုပေါင်းငွေကျပ် ၁၄၇၉၄၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

ဩဂုတ် ၁၃ ရက်၌ မိုးရွာသွန်းလေသမျှ

ကျောက်ဖြူ	၄ ဒသမ	၄၉ လက်မ
သံတွဲ	၄ ဒသမ	၂၉ လက်မ
ပုသိမ်	၃ ဒသမ	၇၄ လက်မ
မော်လမြိုင်	၃ ဒသမ	၃၈ လက်မ
မိုးကုတ်	၃ ဒသမ	၃၇ လက်မ
မောင်တော	၂ ဒသမ	၈၈ လက်မ
မြိတ်မြို့	၂ ဒသမ	၆၀ လက်မ
ရေးမြို့	၂ ဒသမ	၅၂ လက်မ
ထားဝယ်	၂ ဒသမ	၄၈ လက်မ
မကွေး	၀ ဒသမ	၆၆ လက်မ

ပုံညာတောင်ဥမင် သတ်မှတ်ကာလဖွင့်လှစ်နိုင်ရေး ကြိုးပမ်း လုပ်ငန်းပြီးစီးက ပခုက္ကူမှ ဂန့်ဂေါ၊ကလေးမြို့သို့ ရထားဖြင့်သွားနိုင်မည်

ရန်ကုန် ဩဂုတ် ၁၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါ၍ ဩဂုတ် ၁၁ ရက် မွန်းလွဲပိုင်းတွင် ပခုက္ကူ၊ ဂန့်ဂေါ၊ ကလေးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ကျော့ဘူတာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့် ဒုတိယဝန်ကြီးသည် ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေ၊ မြန်မာ့မီးရထားမှ စီမံကိန်း အင်ဂျင်နီယာ ဦးမောင်မောင်သွင်တို့ လိုက်ပါ၍ ကျော့ဘူတာမှ RGC သံလမ်းပြေးယာဉ်ဖြင့် ပုံညာတောင် ဥမင်အရှေ့ဘက် ချဉ်းကပ်လမ်းတစ်လျှောက် သံလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဂုဏ်ပြုလက်ဆောင်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဥမင်အရှေ့ဘက်ချဉ်းကပ် လမ်းချိန်းအမှတ်(၁၂၄၀၀)မှ MRGC သံလမ်းပြေး ယာဉ်ငယ်ဖြင့် ဥမင်အရှေ့ဘက် အဝင်ဝသို့ရောက်ရှိရာ မြန်မာ့မီးရထားဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဥမင်အတွင်း သံလမ်းပြေးယာဉ် စတင်ဖြတ်သန်းခြင်း အထိမ်းအမှတ်အဖြစ် လိုက်လံ့စွာကြိုဆိုကြရာ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်၍ ရင်းနှီးစွာ တွေ့ဆုံခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သံလမ်းပြေးယာဉ်ဖြင့် ဥမင်အတွင်း ဖြတ်သန်းစီးနင်း၍ ဥမင်အတွင်း သံလမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုနှင့် အတွင်းချဲ့ ခုံးတည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ရင်းနှီးစွာနှုတ်ဆက်

ဆက်လက်၍ ဥမင်အနောက်ဘက်အဝတွင် ကြိုဆိုနေကြသော မြန်မာ့မီးရထားဝန်ထမ်းများ၊ ဒေသခံပြည်သူများအား ဂုဏ်ပြုလက်ဆောင်များနှင့် စားသောက်ဖွယ်များပေးအပ်၍ ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်း အင်ဂျင်နီယာ ဦးမောင်မောင်သွင်က ဥမင်အတွင်းပိုင်း လုပ်ငန်းများ ပြီးစီးမှု၊ ဥမင်ချဉ်းကပ် ရထားလမ်းအလိုက် မြေသားလုပ်ငန်း၊ တံတားလုပ်ငန်း၊ သံလမ်းခင်းခြင်း လုပ်ငန်းများ ပြီးစီးမှုနှင့် ကျန်ရှိသော လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေ၊လုပ်ငန်းသုံးပစ္စည်းများစုဆောင်းထားရှိမှုနှင့် ယန္တရားများ အခြေအနေတို့ကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းအမြန်ပြီးစီးနိုင်ရေး အထောက်အကူပြုအစီအမံများ ဖြည့်စွက်တင်ပြသည်။

သန္နိဋ္ဌာန်စိတ်ထား

ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး ကျန်ရှိလုပ်ငန်းများ လျင်မြန်စွာပြီးစီးရေးအတွက် ဝန်ထမ်းအားလုံးကြိုးပမ်းဆောင်ရွက်ရေး၊ စက်သုံးဆီနှင့် လုပ်ငန်းသုံးပစ္စည်းများ လေလွင့်မှု မရှိအောင် စနစ်တကျ ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဝန်ထမ်းများ၊ လုပ်ငန်းအဖွဲ့များအားလုံး သန္နိဋ္ဌာန်စိတ် ထားရှိဆောင်ရွက်သွားရေးမှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် ဥမင်အနောက်ဘက်ချဉ်းကပ်ရထားလမ်း ချိန်းအမှတ် (၁၈၉၅၀)၌ ယန္တရားကြီးများအသုံးပြု၍ မြေသားလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ဆောင်ရွက်

ပုံညာဥမင်သည် ပေ ၅၆၁၀ ရှည်လျားပြီး ဥမင်၏ အမိုးပိုင်း၊ နံရံပိုင်း၊ ကြမ်းခင်းပိုင်းများ ဆောင်ရွက်ပြီးဖြစ်၍ နောက်ဆုံးကျန်ရှိသည့် ဥမင်အတွင်း သံလမ်းခင်းခြင်းလုပ်ငန်း၊ ဘေးနံရံချောခြင်း၊ ရေမြောင်းပြုလုပ်ခြင်း၊ ဆေးသုတ်ခြင်း၊ မီးများတပ်ဆင်ခြင်း၊ လုံခြုံရေးအစီအစဉ်များ တပ်ဆင်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တည်ဆောက်ပြီးစီး

ဥမင်၏ အရှေ့ဘက်နှင့်အနောက်ဘက်ချဉ်းကပ်လမ်း ၂၆မိုင်၌ တံတားကြီးငယ်အစင်း ၁၃၀ ရှိသည့် အနက် ၁၂၈ စင်းမှာ တည်ဆောက်ပြီးစီးနေပြီး ကျန်ရှိသည့် တံတားနှစ်စင်းကို ဆက်လက်တည်ဆောက် လျက်ရှိသည်။ မြေသားလုပ်ငန်းအနေနှင့် ၂၃ မိုင် ပြီးစီးနေပြီး သုံးမိုင်သာကျန်ရှိကာ သံလမ်းခင်းခြင်း အနေဖြင့် ၁၁ မိုင် ပြီးစီးနေပြီဖြစ်သည်။

သွားလာနိုင်မည်

သတ်မှတ်ထားသည့် ကာလတွင် ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပုံညာတောင်ဥမင်နှင့် ချဉ်းကပ်လမ်းများ ပြီးစီးသွားပါက ပခုက္ကူမှ ဂန့်ဂေါ၊ ကလေးမြို့သို့တောက်လျှောက် ရထားဖြင့် သွားလာနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှတ်ဖတ်ပူဇော်

ဆင်ခြင်သတိပြုဖွယ် သွေးတိုးရောဂါကာကွယ်

ယုဝတီခင်ဦး

တစ်ခုသောနံနက်တွင် ကျွန်မ၏မိတ်ဆွေဖြစ်သူ ဦးဘခင်နှင့် ဒေါ်မြင့်ရီတို့ ဇနီးမောင်နှံနှစ်ဦးသည် လမ်းလျှောက်ပြီးအပြန် ကျွန်မ အိမ်သို့ လမ်းကြုံ၍ ဝင်လာကြသည်။

"ဒေါက်တာရေ ကျွန်မခုတလော ဇက်ကြောတက်တက်နေတယ်၊ သွေးများတက်နေသလား မသိဘူး၊ သွေးပေါင်လေး ချိန်ကြည့်ချင်ပါတယ်"ဟု ပြောပါသည်။

ကျွန်မက လမ်းလျှောက်ပြီးစဖြစ်နေသဖြင့် သွေးပေါင်ချက်ချင်း တိုင်းမပေးလိုသေးပေ။

"ကဲ နားနားနေနေထိုင်ပြီး လိမ္မော်ရည်လေးသောက်လိုက်ပါဦး"ဟု ဧည့်ဝတ်ပြုလိုက်ပါသည်။ ခင်ပွန်းဖြစ်သူဦးဘခင်က သူ့ဇနီးမှာ သွေးတိုးရောဂါဖြစ်မည်ကို အလွန်ကြောက်ကြောင်း၊ သွေးတိုးရောဂါအကြောင်း တဆိတ်လောက် ရှင်းပြပေးစေလိုပါကြောင်း ပြောပါသည်။

"သွေးတိုးရောဂါဟာ တစ်ဦးနှင့်တစ်ဦး မတူကြပါဘူး၊ လမ်းလျှောက်ပြီးပြီးချင်းဖြစ်စေ၊ ပြေးလာပြီးဖြစ်စေ ချက်ချင်းသွေးတိုင်းလျှင် ပရက်ရှာ(Pressure)က တက်နေပါလိမ့်မယ်။ ဒါပေမယ့် နေရင်းထိုင်ရင်းနဲ့ သွေးကအမြဲတိုးနေရင်တော့ သွေးတိုးတဲ့ရောဂါ ဟုတ်မဟုတ် စမ်းသပ်စစ်ဆေးရလိမ့်မယ်"

ဒေါ်မြင့်ရီက ရင်ဘတ်ကိုလက်နှင့်ဖိကာ–

"အခုနေ လမ်းလျှောက်ပြီးပြီးချင်း ကျွန်မ သွေးတိုင်းလိုက်ရင် သွေးတိုးနေမှာပေါ့နော်"

ဟူ၍ ပခုံးကလေးတွန့်ကာပြောသည်။

"သွေးတိုးရောဂါကို ဂရုမစိုက်ဘဲထားရင်၊ တတ်ကျွမ်းတဲ့ ဆရာဝန်တွေနဲ့မကုသရင် လေဖြတ်တတ်တယ်၊ နှလုံးရောဂါဖြစ်တတ်တယ် ဒေါ်မြင့်ရီရဲ့။ သွေးတိုးရောဂါက သွေးဖိအားအရှိန်နဲ့ သွေးကြောတွေကိုတွန်းလိုက်တာမို့ ဥပမာ မော်တော်ကား တာယာထဲမှာ လေဖိအားတွန်းသလိုမျိုး သွေးကြောထဲမှာ သွေးတွေက အရှိန်နဲ့အပြည့် တက်လာမယ်။ အဲဒီတွန်းအားက အရမ်းများလာပြီး ခဏခဏဖြစ်ရင် သွေးကြောတွေက ခံနိုင်ရည်မရှိတော့ဘဲ နှလုံးရောဂါနဲ့ လေဖြတ်တဲ့ရောဂါတွေ ဖြစ်လာတတ်တယ်။"

ဒေါ်မြင့်ရီသည် စိတ်ပါဝင်စားစွာ နားထောင်ရင်း လိမ္မော်ရည်ကို တဖြည်းဖြည်း မော့သောက်နေသည်။ **"သွေးတိုးရောဂါမှာ အပေါ်သွေး၊ အောက်သွေးရှိတယ်၊ Systolic Pressure လို့ခေါ်တဲ့ အပေါ်သွေးက နှလုံးခုန်လိုက်ရင် သွေးပြည့်လာတယ်၊ Dyastolic Pressure လို့ ခေါ်တဲ့ အောက်သွေးကတော့ သွေးကြောထဲက သွေးအားဖြစ်ပြီး၊ နှလုံးခုန်တဲ့ကြားမှာ နှလုံးကနားနေခြင်းကို ကြားရတဲ့အသံဖြစ်တယ်။ ပုံမှန်ကတော့ အပေါ်သွေး ၉၀၊ အောက်သွေး ၆၀ကနေပြီး အပေါ်သွေး ၁၂၀၊ အောက်သွေး၈၀အထိ ရှိတယ်။ သွေးချိန်အား ၁၄၀/၉၀ ဒါမှမဟုတ် သူ့ထက်မြင့်ရင် သွေးတိုးရောဂါရှိတယ်လို့ ခေါ်နိုင်တယ်။ ဒီထက် သွေးတိုးအားမြင့်မားရင်တော့ ဆေးကုသမှုခံယူရလိမ့်မယ်။ တကယ်လို့ အပေါ်သွေး၂၀၀၊ အောက်သွေး၁၂၀ ဖြစ်လာရင်တော့ ချက်ချင်းကုသရလိမ့်မယ်။**

ဦးဘခင်က ကြားဖြတ်၍–

"ကျွန်တော်က ဆီးချိုရှိတော့ သွေးချိန်အားက ဘယ်လောက်ရှိသင့်သလဲဒေါက်တာ"ဟု မေးပါသည်။

"ဦးဘခင်ရေ ဆီးချိုသမားကတော့ သတိထားရလိမ့်မယ်။ အပေါ်သွေး၁၃၅၊ အောက်သွေး ၈၀ဆိုရင် နှလုံးရောဂါအတွက် စိုးရိမ်ရတယ်။ သွေးတိုးက အစဉ်တိုးနေတဲ့အခါ သွေးကြောတွေပျက်စီးပြီး အာရုံကြော၊ ဦးနှောက်၊ မျက်စိနဲ့ ကျောက်ကပ်တို့မှာ ရောဂါတွေရနိုင်တယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ကျွန်တော်တို့ အနေနဲ့ သွေးတိုးအကြောင်းကို နည်းနည်းပိုသိချင်ပါသေးတယ်။ ဒေါက်တာ အချိန်ရပါ့မလား"

"ရပါတယ်၊ သွေးတိုးရောဂါအနေနဲ့ ဆက်ပြီးပြောရရင် သွေးတိုးရောဂါကြောင့် ခန္ဓာကိုယ်ထဲက ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေဖြစ်တဲ့ နှလုံးဖြစ်စေ၊ ကျောက်ကပ် ဖြစ်စေ ချို့ယွင်းသွားရင် ကြောက်စရာကောင်းတဲ့ သွေးတိုးရောဂါ Malignant Hypertension လို့ခေါ်ရမှာပဲ၊ အဲဒါဆိုရင် အောက်သွေးက ၁၃၀ကျော်တယ်။ မျိုးရိုးထဲမှာ သွေးတိုးရောဂါရှိရင် နှလုံးရောဂါ၊ဆီးချိုရောဂါနဲ့ သွေးတိုးရောဂါတွေ ဖြစ်တတ်တယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေမှာ ဒါမှမဟုတ် သန္ဓေတားဆေးသုံးစွဲသူတွေမှာ သွေးတိုးရောဂါ ပိုဖြစ်တတ်တယ်။ အသက် ၆၀ကျော်ရင်၊ ကိုယ်အလေးချိန် ရှိသင့်တာထက် ပိုနေရင် ကိုယ်လက်လှုပ်ရှားခြင်းလဲမရှိ၊ အရက်ကလည်း အလွန်အကျွံသောက်၊ ဆေးလိပ်လဲသောက်၊ အစားအစာထဲမှာ ငါးပိ၊ ငံပြာရည်၊ ငါးခြောက်၊ ဆားများများ၊ အဆီများများပါရင် သွေးတိုးရောဂါဖြစ်တတ်တယ်။"

ဒေါ်မြင့်ရီက ဆက်၍"တချို့သွေးတိုးရောဂါတွေကတော့ အကြောင်းမရှိဘဲ သွေးတိုးတာလို့ပြောတယ်၊ ဟုတ်လား ဒေါက်တာ"

"ဟုတ်ပါတယ် ဒေါ်မြင့်ရီ၊ သေသေချာချာ အကြောင်းရှာမရတဲ့ သွေးတိုးရောဂါကတော့ Essential Hypertension လို့ ခေါ်တယ်။ အကြောင်းရှာလို့ရတဲ့ သွေးတိုးရောဂါကတော့ ဥပမာ–ကျောက်ကပ်ကြောင့် သွေးတိုးရောဂါဖြစ်ပြီး ခန္ဓာကိုယ်ထဲမှာရှိတဲ့ အခြားအကျိတ်၊ အဖုတွေရှိနေရင် ဟော်မုန်းဓာတ်တွေများပြီး သွေးတိုးလာတတ်တယ်။ Essential Hypertension သွေးတိုးရောဂါကတော့ အစားအသောက် အနေအထိုင်ရဲ့ပုံစံ(Life Style) အမျိုးမျိုးကြောင့် သူ့ဟာသူ သွေးတိုးလာတာပဲဖြစ်တယ်။

ဦးဘခင်က "သွေးတိုးရင် ဘယ်လို လက္ခဏာတွေပြသလဲ ဒေါက်တာ"ဟု ဆက်လက်၍ မေးပြန်ပါသည်။

"ခက်တာက သွေးတိုးရောဂါဟာ တစ်ခါတလေငြိမ်နေတတ်တယ်။ ဘာလက္ခဏာမှ မပြဘူး။ ရောဂါလက္ခဏာ ပြလာရင်တော့ ခေါင်းကိုက်တာ၊ ရင်ဘတ်အောင့်ပြီး ကျပ်လာတာ၊ နှာခေါင်းသွေးလျှံတာ၊ ခန္ဓာကိုယ်ထုံတာ၊ ကျဉ်တာ ဖြစ်လာတတ်တယ်၊ တကယ်လို့ ကိုယ်ဝန်ဆောင်တွေမှာ သွေးတိုးရောဂါ ဖြစ်လာရင် ခေါင်းကိုက်မယ်၊ ခြေထောက်နှစ်ဖက်စလုံးရောင်လာမယ်၊ အဲဒီအခါမှာ မိခင်ကျန်းမာရေးသာမကဘဲ ကလေးကျန်းမာရေးပါ ထိခိုက်တတ်တယ်။"

သွေးတိုးရောဂါကို ကာကွယ်နိုင်ဖို့ သတိပေးချင်တာကတော့–

- **ဆေးလိပ်ကို မသောက်ပါနဲ့၊**
- **မပိန်လွန်း၊ မဝလွန်းပါစေနဲ့၊**
- **အစားအစာကို အာဟာရဖြစ်အောင်မျှမျှတတစားပါ၊**
- **လေ့ကျင့်ခန်း မှန်မှန်လုပ်ပါ၊**
- **စိတ်ဖိစီးမှုမဖြစ်အောင် စိတ်ကိုအေးအေးချမ်းချမ်းထားပါ၊ တရားထိုင်ပါ**

ဟူ၍ ပြောချင်ပါသည်။

ထို့နောက် ဒေါ်မြင့်ရီက"ဒါဖြင့်ရင် သွေးတိုးရောဂါ ရှိမရှိ သွေးတိုင်းကြည့်ရမှာပေါ့နော်"ဟုပြောပြီး ဇနီးမောင်နှံနှစ်ဦး ထိုင်ရာမှထလိုက်ကြသောအခါ–

ကျွန်မက "ကဲ ဦးဘခင်နှင့်ဒေါ်မြင့်ရီတို့ မပြန်ခင် ကျွန်မသွေးတိုင်းပေးလိုက်ပါ့မယ်၊ အိမ်ထဲကိုခဏကြွပါ"ဟု ဖိတ်ခေါ်လိုက်ပါသည်။

ကျွန်မပြောတဲ့နည်းတွေကို လိုက်နာရင် ဒေါ်မြင့်ရီတို့ ကြောက်နေတဲ့ သွေးတိုးရောဂါကို ကာကွယ်ပြီးသား ဖြစ်မှာပါ" ဇနီးမောင်နှံနှစ်ဦးအား သွေးတိုင်းပြီးသောအခါ သွေးပေါင်ချိန် ပုံမှန်ရှိနေ၍ ကျွန်မအား ပြုံးရွှင်စွာ နှုတ်ဆက်ပြီး ပြန်သွားကြပါသည်။ ။

"သွေးတိုးရောဂါမှာ အပေါ်သွေး၊ အောက်သွေးရှိတယ်၊ Systolic Pressure လို့ခေါ်တဲ့ အပေါ်သွေးက နှလုံးခုန်လိုက်ရင် သွေးပြည့်လာတယ်၊ Dyastolic Pressure လို့ခေါ်တဲ့ အောက်သွေးကတော့ သွေးကြောထဲက သွေးအားဖြစ်ပြီး၊ နှလုံးခုန်တဲ့ကြားမှာ နှလုံးကနားနေခြင်းကို ကြားရတဲ့အသံဖြစ်တယ်။ ပုံမှန်ကတော့ အပေါ်သွေး ၉၀၊ အောက်သွေး ၆၀ကနေပြီး အပေါ်သွေး ၁၂၀၊ အောက်သွေး၈၀အထိရှိတယ်။ သွေးချိန်အား ၁၄၀/၉၀ ဒါမှမဟုတ် သူ့ထက်မြင့်ရင် သွေးတိုးရောဂါရှိတယ်လို့ ခေါ်နိုင်တယ်။ ဒီထက် သွေးတိုးအားမြင့်မားရင်တော့ ဆေးကုသမှုခံယူရလိမ့်မယ်။ တကယ်လို့ အပေါ်သွေး ၂၀၀၊ အောက်သွေး ၁၂၀ ဖြစ်လာရင်တော့ ချက်ချင်းကုသရလိမ့်မယ်။

သန်လျင်မြို့၏ ကျက်သရေဆောင် သာသနာ့ဗိမာန်တည်ဆောက်ရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့၏ ဦးဆောင်မှုဖြင့် ရပ်ကွက်၊ ကျေးရွာသံဃနာယကအဖွဲ့များမှ စုပေါင်းအလှူငွေ ပေးအပ်ပွဲကို ဇူလိုင် ၉ရက်က ဝိသုဒ္ဓါရာမချမ်းမြေ့သာယာအေး စာသင်တိုက်၌ ကျင်းပရာ လှူဒါန်းငွေများကို သာသနာ့ဗိမာန် တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(ငြိမ်း)က လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

မြိုင်မြို့နယ် သီရိနန္ဒာရေလှောင်တမံ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဩဂုတ်၆ရက်က မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်၌ ဖွင့်လှစ်ပြီးဖြစ်သည့် သီရိနန္ဒာရေလှောင်တမံသို့ရောက်ရှိ၍ တိုင်း၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

စိုက်ပျိုးပြီးဖြစ်

သီရိနန္ဒာရေလှောင်တမံသည် မြိုင်မြို့နယ် ဒေါင်အိုကျေးရွာအုပ်စုရှိ ထန်းငယ်တော်ချောင်းပေါ်၌ တည်ဆောက်ထားပြီး တမံအလျားပေ ၃၀၀၀နှင့် တမံအမြင့် ၅၄ပေရှိသည်။ ရေပြည့်ရေလှောင် ပမာဏမှာ ဧကပေ ၁၈၂၀ ရှိပြီး ရေပေးနိုင်သည့်ဧက ၄၅၀၌ စပါးဧက ၃၀၀စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် မန္တလေးတိုင်း ညောင်ဦးမြို့နယ်၌ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက တည်ဆောက်ထားသည့် ပိုဇိုလန် ဘိလပ်မြေ စက်ရုံသို့ရောက်ရှိ၍ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် မြစ်ရေတင် စီမံကိန်းများတွင် ကျောက်ပြားလိုင်နင်စီလုပ်ငန်း၊ မိုးရေခံမြောင်းများ၊ အုတ်စီလုပ်ငန်းများ၌ အသုံးပြုနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တိုးတက်ထုတ်လုပ်နိုင်ရေးကို တာဝန်ရှိသူများအား မှာကြားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းအတွင်း အထူးဆန်အရောင်းဆိုင်များ ပိတ်ရက်မရှိ နေ့စဉ်ရောင်းချပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ တာဝန်ရှိသူ များအား တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများနှင့်အတူ နံနက် ၆နာရီမိနစ် ၅၀ တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပြည်ထောင်စုလမ်းနှင့် ရာဇာဓိရာဇ်လမ်းဆုံအနီး ရာဇာဓိရာဇ်လမ်းရှိကိုယ်တိုင်ထုတ်လုပ်သူများ၏ ဒဂုံမြို့သစ်(မြောက်ပိုင်း) အခွန်လွတ်ဈေးသို့ ရောက်ရှိပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)အခွန်လွတ်ဈေး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ပြည်ထောင်စုလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ ဒဂုံမြို့သစ်(တောင်ပိုင်း) အခွန်လွတ်ဈေးနှင့် သာကေတမြို့နယ် ယမုံနာလမ်းနှင့် မြင်တော်သာလမ်းထောင့်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ ရှုခင်းသာ အခွန်လွတ်ဈေးတို့အတွင်း အရောင်းဆိုင်များမှ အခြေခံစားကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် ကမ်းနားလမ်းရှိ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းသို့ သွားရောက်၍ အစည်းအဝေးခန်းမ၌ အသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများအားတွေ့ဆုံကာ ရန်ကုန်မြို့နေပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့နယ်များအတွင်းအထူးဆန်အရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဝယ်ယူနိုင်

ရန်ကုန်တိုင်းအတွင်းရှိ အထူးဆန်အရောင်းဆိုင်များက ဧည့်မထ (၂၅ မှတ်) ဆန်တစ်ပြည်လျှင် ငွေကျပ် ၄၀၀နှုန်းဖြင့် ပိတ်ရက်မရှိ နေ့စဉ်ရောင်းချ ပေးလျက်ရှိကြောင်းနှင့် မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသင်းဝင်များ၊ ယုံကြည်ချက်ပြည့်ဝစွာဖြင့် အမျိုးသားရေးကိစ္စများတွင်ပါဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေး တက်ကြွစွာဆောင်ရွက်

အရည်အချင်း၊ အရည်အသွေးပြည့်ဝအောင် လေ့ကျင့်ပျိုးထောင်သွားကြ

နေပြည်တော် ဩဂုတ် ၁၃

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့သည် ဩဂုတ်၁၁ရက် မွန်းလွဲ၁နာရီက မန္တလေးတိုင်း ကျောက်ဆည်မြို့ ကျောက်ဆည်တက္ကသိုလ် ဧကရာဇ်ခန်းမ၌ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ စုပေါင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ကျောက်ဆည် တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဦးခင်မောင်ကျော်က တက္ကသိုလ် ဆရာ ဆရာမများနှင့် တက္ကသိုလ်မှ ဝန်ထမ်းများ ကိုယ်စား အသင်းဝင်အဆိုပြုလွှာ စုစုပေါင်း ၁၄၃စောင်ကို တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ထံ ပေးအပ်သည်။

အသင်းဝင်အဆိုပြုလွှာပေး

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းထံ ကျောင်းသားကျောင်းသူများ၏ အသင်းဝင်အဆိုပြုလွှာ စုစုပေါင်း ၇၀၈စောင်ကို အသင်းဝင်များကိုယ်စား ကျောင်းသူတစ်ဦးက ပေးအပ်သည်။ **(ယာပုံ)**

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာတွင် အသင်းဝင်များဖြစ်လာသည်နှင့် အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဦးစီးဦးဆောင် ဆောင်ရွက်သွားကြရန်နှင့် အမျိုးသားရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားရာတွင် အသင်းဝင်များ အနေဖြင့် ခံယူချက်၊ ယုံကြည်ချက် ပြည့်ဝစွာဖြင့် အမျိုးသားရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်သွားကြရန်၊ အထူးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်အား အကောင်အထည်ဖော်ရေး လုပ်ငန်းရပ်များတွင် တက်ကြွစွာ ဆောင်ရွက်သွားကြရန်၊ အရည်အချင်း၊ အရည်အသွေး ပြည့်ဝရန် လေ့ကျင့်ပျိုးထောင်သွားကြရန် စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ရည်ရွယ်ချက်ရှင်းလင်း

ထို့နောက် ကျောက်ဆည်တက္ကသိုလ် မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်ငြိမ်းငြိမ်းက အသင်းဝင်အဆိုပြုလွှာ စုပေါင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ပြည်ကြီးတံခွန်မြို့နယ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းတို့သည် မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် အောင်တံခွန်ခန်းမ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး အသင်းဝင်အဆိုပြုလွှာ အစောင်၈၀၀ ကို တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သို့ လည်းကောင်း၊ အသင်းဝင်အဆိုပြုလွှာ အစောင်၇၀၀ကို ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသို့လည်းကောင်း ပေးအပ်ကြသည်။

တက်ရောက်

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ညနေပိုင်းတွင် မန္တလေး

တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ ပျဉ်းမနားခရိုင်နှင့် ညောင်ဦးခရိုင်တို့မှ အတွင်းရေးမှူးများ၊ စီးပွားရေး တာဝန်ခံနှင့် ပြည်သူ့ဆက်ဆံရေးဌာန တာဝန်ခံများ၊ မန္တလေးမြို့နယ် ၃၁ မြို့နယ်မှ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးက မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် ညီလာခံ (၂၀၀၆) ကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အား ဆက်လက်အကောင်အထည်ဖော်မှုနှင့် ပြီးစီးမှုအခြေအနေများ၊ မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းများအတွက် ကျောင်းစာသင်ခုံများ လှူဒါန်းပြီးစီးမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက တင်ပြချက်အသီးသီးအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အား အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရေး၊ မိမိဒေသရပ်ကွက်ကျောင်းများရှိ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာသင်ခုံများ လှူဒါန်းသွားရေး စသည်ဖြင့် ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်း၊ အမှတ် ၁၅၃၊ ပ–ထပ်(ဝဲ)နေ ဦးစောနွဲ့သန်းစိန်–ဒေါ်စွဲပဒုမ္မာမိသားစုတို့က ဒဂုံမြို့နယ် အမှတ် ၁၆၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်သိန်း၂၀ကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တဝီရိယာနန္ဒထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ စမ်းချောင်းမြို့နယ်တွင် ဆောင်ရွက်၊ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှု အခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ကျင်းပသည်။

အသင်းဝင်အဆိုပြုလွှာ

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စမ်းချောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခင်စောဝေထံမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ စောင်ရေ၁၀၀၀ကို လက်ခံသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့်ဇနီးနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ရပ်ကွက်(၁၈) ရပ်ကွက်အတွက် သန့်ရှင်းရေးလုပ်ငန်းသုံး ပစ္စည်းများကို ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌများထံ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က စမ်းချောင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောဝေအား သွေးလွန်တုပ်ကွေးရောဂါ ပညာပေးရုပ်ပုံကားချပ်များ ပေးအပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတော်

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီးတို့သည် ကျောင်းရှေ့မြက်ခင်းပြင်၌ ကျင်းပသည့် စမ်းချောင်းမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ ပျိုးပင်များ ဝေငှပေးအပ်ပြီး တာဝန်ရှိသူများနှင့်အတူ အမှတ်တရ သစ်ပင်များ စုပေါင်းစိုက်ပျိုးပေးကြသည်။

လိုက်လံကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ သစ်ပင်များစုပေါင်း စိုက်ပျိုးမှုကိုလည်းကောင်း၊ စမ်းချောင်းမြို့နယ် ဝေဠုဝန်(တောင်)ရပ်ကွက် ဝေဠုဝန်(မြောက်)ရပ်ကွက်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ ကျွန်းတော(မြောက်) ရပ်ကွက်များအတွင်း အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားစေတတ်သည့်ခြင်များ မခိုအောင်းနိုင်စေရေးအတွက် ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းများကို လည်းကောင်း လိုက်လံကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် လီမိတက်မှ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်သိန်း ၃၀ လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်း(ကိုယ်စား) ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါ်ရီရီမြင့်က လက်ခံယူစဉ်။ (က–ပ)

အမှာစကားပြောကြား

ဩဂုတ် ၉ရက်က သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အမှတ် (၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ကျင်းပသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး နယ်လှည့်ဟောပြောပွဲတွင် ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်မင်း အမှာစကားပြောကြားစဉ်။ (၂၅၈)

ဗိုက်ထားကြံ့ခိုင်
ပန်းတိုင်ချီတက်
အောင်ပွဲဆက်

အောင်မြေလူထုဓမ္မာရုံဝါတွင်းတရားပွဲ

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ဒေဝဒဟလမ်း အောင်မြေလူထုဓမ္မာရုံကြီး၌ ဝါတွင်းကာလ ဥပုသ်နေ့တိုင်း တရားပွဲများကျင်းပလျက်ရှိရာ တော်သလင်းလဆန်း ၈ရက်တွင် အရှင်ပညာစက္ကာဘိဝံသ (တိုက်အုပ်ဆရာတော်)စေတီယင်္ဂဏနှင့် အစိုးရဓမ္မာစရိယ၊ တော်သလင်းလပြည့်ကျော် ၁၅ရက်တွင် ဦးဣန္ဒောဘာသ(မဟာဂန္ထဝါစက ပဏ္ဍိတ) အဆောင်မှူး ပရိယတ္တိ သာသနတက္ကသိုလ် ကမ္ဘာအေး ရန်ကုန်က လည်းကောင်း၊ တော်သလင်းလပြည့်ကျော် ၈ရက်တွင် ဦးဇဝန တေဇစက္ကီကျောင်း (၄)ဝိုင်း တောင်ဥက္ကလာပက လည်းကောင်း၊ တော်သလင်းလကွယ်နေ့တွင် ဦးတေဇောဘာသ ပထမရွှေကျင်က လည်းကောင်း တရားတော်များ ဟောကြားကြမည်ဖြစ်သည်။ **(က–ပ)**

ဆေးဝါးကျွမ်းကျင်သူများ ကုန်ထုတ်သမဝါယမအသင်း

သတင်းဆောင်းပါး–အထက်မင်းလှညွန့်အောင်၊ ဓာတ်ပုံ–မြန်မာ့အလင်း

ရန်ကုန် ဩဂုတ် ၁၃

မြန်မာ့သမဝါယမ၏ အစသည် ၁၉၀၅ခုနှစ်က မြင်းမူမြို့၌ ပေါ်ပေါက်ခဲ့သော မြင်းမူငွေစုငွေချေးသမဝါယမအသင်းက စတင်ခဲ့ရာ ယခုအခါ သက်တမ်းနှစ်ပေါင်း ၁၀၀ကျော်ခဲ့ပြီ ဖြစ်သည်။ ယနေ့ကာလတွင်လည်း ဈေးကွက်စီးပွားရေးစနစ်နှင့် လျော်ညီစွာ သမဝါယမလုပ်ငန်းမျိုးစုံ ရှင်သန်နေဆဲဖြစ်ရာ လုပ်ငန်းများအောင်မြင်နေသော စံပြုထိုက်သည့် သဃ်န်းကျွန်းမြို့နယ်ရှိ ဆေးဝါး ကျွမ်းကျင်သူများ ကုန်ထုတ်သမဝါယမအသင်းအကြောင်း အများပြည်သူသိရှိစေရန် မြန်မာ့အလင်းသတင်းအဖွဲ့က ဒါရိုက်တာအဖွဲ့နှင့် သွားရောက်တွေ့ဆုံမေးမြန်း တင်ပြလိုက်ပါသည်။

အသင်းဥက္ကဋ္ဌ ဒေါ်ခင်သန်းနွဲ့က "ကျွန်မတို့အသင်းဝင်များဟာ ၁၉၆၆ ခုနှစ်မှစ၍ ဆေးဝါးတက္ကသိုလ်မှဘွဲ့ရ ဆေးဝါး ကျွမ်းကျင်သူများ ဖြစ်ကြပါတယ်။ ကျွန်မတို့ဟာ မြန်မာနိုင်ငံဆေးဝါး လုပ်ငန်းစက်ရုံ၌ တစ်နှစ်နီးပါး စာတွေ့၊ လက်တွေ့ နှစ်ကြိမ်တိုင်တိုင် ကွင်းဆင်းသင်ကြားတတ်မြောက် အောင်မြင်လာခဲ့ပေမယ့် ယခုလို ဈေးကွက်စီးပွားရေး စနစ်မရှိခဲ့၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနများတွင် ဝင်ရောက်အမှုထမ်းဆောင်ခဲ့ကြရပါတယ်။

၁၉၉၂ခုနှစ် ရောက်တဲ့အခါ နိုင်ငံတော်က ထုတ်ပြန်တဲ့ အမိန့်အမှတ်(၇/၉၂) ဆေးဝါးဥပဒေအရ ဆေးဝါးထုတ်လုပ်ခွင့်များ ပေးသောအခါမှသာ ကျွန်မတို့ဟာ 'ဆေးဝါးကျွမ်းကျင်သူများ ကုန်ထုတ်သမဝါယမအသင်းလီမိတက်'ကို ၁၈–၁–၁၉၉၆ရက်နေ့တွင် ရန်ကုန်တိုင်း သမဝါယမ ဦးစီးဌာန၌ မှတ်ပုံတင်အမှတ် ၃–၁၀၀၄–စလ ရန်ကုန်တိုင်းဖြင့်ဖွဲ့စည်းခဲ့ပြီး သွင်းကုန်အစားထိုး အနောက်တိုင်းဆေးဝါးများကို ဦးစားပေးထုတ်လုပ်ခဲ့ပါတယ်။

ဖွဲ့စည်းခဲ့

အသင်းကို ဒါရိုက်တာအဖွဲ့ဝင် ကိုးဦးနဲ့ အသင်းသားစာရင်းစစ် နှစ်ဦး

ဆေးဝါး ကျွမ်းကျင်သူများ ကုန်ထုတ် သမဝါယမ အသင်းလီမိတက် ဥက္ကဋ္ဌ ဒေါ်ခင်သန်းနွဲ့က အသင်းဖြစ်ပေါ်လာပုံနှင့် အသင်းမှ ထုတ်လုပ်သောဆေးဝါးများနှင့် ပတ်သက်၍ ဤသို့ရှင်းလင်းပြောကြားခဲ့သည်။ (မြန်မာ့အလင်း)

တို့နဲ့ ဖွဲ့စည်းထားပါတယ်။ အသင်းဝင်များထဲမှာ မြန်မာနိုင်ငံဆေးဝါး လုပ်ငန်းစက်ရုံမှ ထူးချွန်ဆုရ စက်ရုံမှူးများ၊ ဆေးရုံကြီးများနှင့် ဆေးဆိုင်ကြီးများမှ ဝါရင့်ဆေးဝါးကျွမ်းကျင်သူများကို အဓိကထား၍ ဖွဲ့စည်းခဲ့ပြီး အခြားစိတ်ပါဝင်စားသူများလဲပါဝင်ပါတယ်။

ယနေ့အထိ အသင်းသားပေါင်း ၆၉ ဦးရှိပြီး အစုငွေမှာကျပ်သိန်း၅၀ဖြစ်သော်လည်း အမှန်တကယ် ပိုင်ဆိုင်မှုမှာ ကာလပေါက်ဈေးအားဖြင့် တွက်ချက်ပါက ကျပ်သိန်း၃၀၀ကျော်ရှိပါတယ်။

ကျွန်မတို့ရဲ့ ဆေးဝါးကျွမ်းကျင်သူများ ကုန်ထုတ်သမဝါယမအသင်းဟာ ဆေးရုံအမှုထမ်းများ၊ ဆေးရောင်းသူများနဲ့ ဆေးဝါးစက်ရုံမှ ဝန်ထမ်းဟောင်းများဖြစ်ကြပြီး "ဆေးဝါးဈေးကွက်နှင့် ဆေးဝါးထုတ်လုပ်မှု"အပိုင်းမှာ ကျင်လည်ခဲ့ကြသူများပီပီ ပြည်သူများအတွက် မရှိမဖြစ် အထူးလိုအပ်တဲ့ ဆေးဝါးသုံးမျိုးကို ဦးစားပေးထုတ်လုပ်ခဲ့ပါတယ်။

အရက်ပြန်ဟာ လူတိုင်းအတွက် ထိခိုက်ရှနာမှစ၍ ခွဲစိတ်ကုသရာမှာ မပါမဖြစ်တဲ့ ဆေးဝါးဖြစ်ပါတယ်။ အရက်ပြန်မီးခွက်နဲ့ အခြားစက်ပစ္စည်းကိရိယာအသေးစိတ်များ ဥပမာ–ကက်ဆက်ခေါင်းမှာ ချေး(ဂျီး)ကပ်ခြင်းကို ဝါဂွမ်း၊ ပိတ်စဖြင့်ပွတ်တိုက်သန့်စင်နိုင်ပါတယ်။ ဆေးရုံကြီးများမှ ဓာတ်ခွဲခန်းများအတွက်လည်း လွန်စွာအသုံးဝင်ပါတယ်။

ဂျာမီတော (Gernitol)အဆင့်မြင့် ကြမ်းတိုက်ဆေးဟာ ပိုးသေခြင်း၊ ချေးကျွတ်ခြင်း၊ အနံ့မွှေးကြိုင်ခြင်းတို့ကြောင့် ဆေးရုံများ၊ ဆေးခန်းများ၊ အိမ်များမှာ အဓိက သုံးစွဲတဲ့အပြင် လူစည်ကားရာရုပ်ရှင်ရုံ၊ တည်းခိုခန်း၊ စားသောက်ဆိုင်၊ ကျောင်း၊ ရုံးအဆောက်အအုံများ၌ မရှိမဖြစ် သုံးစွဲနေကြပါတယ်။ အချို့အိမ်အလှမွေးတိရစ္ဆာန်အရောင်းဆိုင်များ၊ သန့်ရှင်းရေး ဌာနများ၊ မွေးမြူရေးခြံများကဲ့သို့ အနံ့ ဆိုးများကို အထူးထိန်းသိမ်းရန် လိုအပ်သော နေရာများမှာ အသုံးပြုကြပါတယ်။

ဆီးချိုစမ်းသပ်ဆေးရည် ပုလင်း၌ 10cc စမ်းသပ်ဖန်ပြွန် တစ်ချောင်းရှိပါက မိမိကိုယ်၌ ဆီးချိုရောဂါ ရှိမရှိကို မိမိ၏ဆီး(ကျင်ငယ်ရည်)အား မိမိကိုယ်တိုင် စစ်ဆေးနိုင်ရန်အညွှန်းများ၊ လုပ်ကိုင်ပုံနှင့် အဖြေများကို အရောင်များဖြင့် ဖော်ပြထား၍ ပြည်သူအားလုံးအတွက်လိုအပ်တဲ့ဆေးရည်ဖြစ်ပါတယ်။

၎င်းဆေးရည်ဖြင့် ဆေးရုံကြီးများ၊ ဆေးခန်းကြီးများတွင် လူနာများဈေးနှုန်းသက်သာစွာဖြင့် ဆီးချို ရှိမရှိ စမ်းသပ်ကြပါတယ်။ အထူးသဖြင့်

ဆေးဝါး ကျွမ်းကျင်သူများ ကုန်ထုတ် သမဝါယမ အသင်းလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသစ်က အသင်းမှ ထုတ်လုပ်သည့် ဆေးဝါးများဖြန့်ဖြူးမှုနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားစဉ်။ (မြန်မာ့အလင်း)

ဓာတ်ခွဲခန်းများမှာ မရှိမဖြစ်ဆေးဝါးဖြစ်ပါတယ်"ဟု ပြောကြားသည်။

စစ်ဆေးမှုခံယူ

အသင်းမှထုတ်လုပ်သောဆေးဝါးများကို ပြည်သူတို့ ဘေးအန္တရာယ်ကင်းရှင်းစွာသုံးစွဲနိုင်ရန် မြန်မာနိုင်ငံဆေးဝါးအာဏာပိုင်အဖွဲ့၏ စစ်ဆေးမှုကိုခံယူပြီးမှ ရောင်းချလျက်ရှိသည်။ ဆေးဝါးများ စံချိန်စံညွှန်းပြည့်ဝပြီး အရည်အသွေး ကောင်းမွန်မှုကြောင့် ပြည်သူများ အပါအဝင် ဆေးရုံကြီးများ၊ ဆေးခန်းကြီးများ၊ ဆေးဆိုင်များမှ ဆရာဝန်ကြီးများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၏ ယုံကြည်သုံးစွဲအားပေးမှုကို ရရှိနေပြီဟု ကြားသိရသည်။

သွင်းကုန်အစားထိုး ဆေးဝါးများကို ထုတ်လုပ်နိုင်၍ ပြည်သူများ သက်သာစွာဖြင့်ဆေးမှန်၊ ဈေးမှန်ဖြင့်ဝယ်ယူသုံးစွဲနိုင်ပြီး နိုင်ငံတော်၏ နိုင်ငံခြားငွေကို ချွေတာရာလည်းရောက်ပေသည်။

၂၀၀၅–၂၀၀၆ ခုနှစ်က ထုတ်လုပ်ရောင်းချမှုမှာ Germitol ကျပ် ၁၄၆၅၂၂၄၃ ဖိုး၊ M.Spirit ကျပ် ၁၄၅၇၀၆၁၂ ဖိုး၊ Benedict's ကျပ် ၄၄၅၆၀၆ ဖိုး၊ ဆေးကုန်ချော (ဂါလန်ဖြင့်)ကျပ် ၄၅၇၆၃၀ဖိုး စုစုပေါင်းကျပ် ၃၀၁၂၆၉၁ဖိုး(ကျပ်သိန်း၃၀၀) ကျော်ဖိုးရောင်းချခဲ့ရကြောင်းမှတ်သားရသည်။

ဆက်လက်၍အသင်း၏အုပ်ချုပ်မှုဒါရိုက်တာဦးသစ်က မြန်မာ့အလင်းသို့ ရှင်းပြရာတွင် အသင်းမှထုတ်လုပ်တဲ့ ဆေးဝါးများကို နေ့စဉ်သတင်းစာများ၊ ရန်ကုန်လမ်းညွှန်၊ City FM Radio နှင့် ဆေးဝါးမဂ္ဂဇင်းဂျာနယ်များမှာ မကြာခဏ ပြည်သူသို့ အသိပေးကြော်ငြာမှုပြုလုပ်ခဲ့ပါတယ်။ ဆေးဝါးများကို အလိုရှိပါက "ဆေးဝါးကျွမ်းကျင်သူများ ကုန်ထုတ်သမဝါယမအသင်းလီမိတက်" အခန်း(၃) တိုက်(၁) ရွှေကိန္နရီအိမ်ရာ လေးဒေါင့်ကန်လမ်း သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်း ဖုန်း–၀၁–၅၆၂၃၀၃သို့ မှာယူနိုင်ကြပါတယ်ဟု ရှင်းပြသည်။

နယ်များအတွက်မှ ရန်ကုန်ရှိ ဈေးကြီးသုံးခုမှ ဆေးဆိုင်ကြီးများမှာရောင်းချပေးနေပြီး ဦးကျော်သင်း တော်ဝင်နှင်းဆီဆေးဆိုင်ကဲ့သို့သော နယ်လှည့်ဆေးဝါးဖြန့်ဖြူးရေး အရောင်းကားများဖြင့်လည်း ရောင်းချပေးလျက်ရှိသည်။

အသင်းမှထုတ်လုပ်သောဆေးဝါးများကို စက်မှုလက်မှုပြပွဲများ၊ သမဝါယမ ထုတ်ကုန်ပြပွဲများနှင့် အခြားနေ့ကြီးရက်ကြီးများ၌ ကျင်းပသည့် ဈေးရောင်းပွဲတော်များ၌ ပါဝင်ပြသရောင်းချခဲ့ပြီး ဆေးဝါးကျွမ်းကျင်သူများ ကုန်ထုတ်သမဝါယမအသင်းလီမိတက်အနေဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်တစ်ခုဖြစ်သော မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံကဲ့သို့ သွင်းကုန်အစားထိုး ဆေးဝါးများကို ထုတ်လုပ်ဖြည့်ဆည်း ပေးခဲ့သည်မှာ ၁၀နှစ်ကျော်တိုင်ခဲ့ပေပြီ။

ဆေးဝါးအမယ်များများ ထုတ်လုပ်နိုင်ရေးအတွက် "နိုင်ငံတော်၏ပံ့ပိုးကူညီမှု"ကို ရရှိပါက ယခုကဲ့သို့အိမ်တွင်း စက်မှုလက်မှု အလုပ်ရုံဘဝမှ သမဝါယမ ဆေးဝါးစက်ရုံငယ်တစ်ခု ဖြစ်လာရန် မျှော်မှန်းကြိုးပမ်းလျက်ရှိသည်။ ထို့အပြင် အခြားစက်မှုကုန်ထုတ်သော စက်မှုဇုန်များပေါ်ပေါက်လာသကဲ့သို့ ဆေးဝါးစက်မှုဇုန်တစ်ခု ဖြစ်လာရေးကို မျှော်လင့်လျက် ရှိသည်။

တိုးတက်အောင်မြင်

ယခုကဲ့သို့ အသင်းကြီးပွား တိုးတက်လာသည့်နည်းတူ အသင်းသားများ၏အကျိုးခံစားခွင့်များ ပိုမိုရရှိလာခဲ့သည်။ အမှုဆောင် ဒါရိုက်တာများ၏ ကြိုးစားမှု၊ ရိုးသားမှု၊ သမဝါယမ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆေးဝါးအာဏာပိုင်တို့၏ အနီးကပ်ကြီးကြပ်ကွပ်ကဲပေးမှုကြောင့် အသင်း၏ ကုန်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချမှုလုပ်ငန်းများတိုးတက်လာသည်။ ဆေးဝါးကျွမ်းကျင်သူများ ကုန်ထုတ်သမဝါယမအသင်းသည် အောင်မြင်မှုရရှိနေသောအသင်းအဖြစ် ရပ်တည်လျက်ရှိနေပါကြောင်း ကွင်းဆင်းမေးမြန်းရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

အင်ကြင်းကျောက်များ နိုင်ငံတော်အတွက် အကျိုးရှိစေချင်

စာတည်းခင်ဗျား–

နွားထိုးကြီးမြို့နယ် ကျီးကန်၊ ဒေါင့်ဘိုး၊ ဘုရားကြီး၊ အုတ်တွင်း၊ ထန်းဇင်၊ ရွာသာအေးနှင့် အိမ်ကြီးတော စသော ကျေးရွာများတွင် အဖိုးတန် အင်ကြင်းကျောက်များ တူးဖော်နေကြပြီး ပွဲစားများမှတစ်ဆင့် အရောင်းအဝယ်ပြုလုပ်နေကြပါသည်။

နိုင်ငံပိုင်သယံဇာတများကို နိုင်ငံအတွက် အကျိုးရှိစေရေး သက်ဆိုင်ရာက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

နွားထိုးကြီးသား

တရားမဝင် လူစီးဆိုက်ကားများ အရေးယူပေးစေလို

စာတည်းခင်ဗျား–

ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်တွင် ရန်ကုန်မြို့စည်ပင်သာယာရေးကော်မတီမှ ဆိုက်ကားများအား သတ်မှတ်စီးရေအတိုင်း အခွန်ဆောင်စေပြီး တရားဝင် ပြေးဆွဲခွင့်ပြုထားပါသော်လည်း လိုင်စင်ပွား၊ လိုင်စင်မဲ့ လူစီးဆိုက်ကားများ များပြားလျက်ရှိနေ၍ သက်ဆိုင်ရာမှဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

ဆိုက်ကားသမားတစ်ဦး

အရက်ဆိုင်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေရ

စာတည်းခင်ဗျား–

အမရပူရမြို့နယ် ဟသ်ာကျေးရွာ အုပ်စု ပန်းဘဲမြောက် ရွာထိပ်ရှိ အရက်ဆိုင်တွင် ရပ်ကွက်ရှိ လူငယ်များ သောက်စားမူးယစ်ပြီး လမ်းများပေါ်၌ အချိန်မတော် အော်ဟစ်ဆူညံခြင်း၊ အညစ်အကြေး စွန့်ပစ်ခြင်းများ အပြင် အရက်ဆိုင်မှ ဆူညံသံများ၊ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင် ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ပါ၍ အဆိုပါ အရက်ဆိုင်အား လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး



စည်းကမ်းမဲ့ဈေးသည်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်မြို့ အနော်ရထာလမ်းနှင့် ရွှေဘုံသာလမ်းဆုံ မီးပွိုင့်မှ ရွှေဘုံသာလမ်း အထက်လမ်း၊ အနောက်ဘက်ခြမ်း ပလက်ဖောင်းတစ်လျှောက်နှင့် ယာဉ်ကြောပေါ်အထိ ကျူးကျော်ရောင်းချနေသော စည်းကမ်းမဲ့ဈေးသည်များကြောင့် လမ်းသွားလမ်းလာများ ယာဉ်များအတွက်များစွာ အနှောင့်အယှက်ဖြစ်လျက်ရှိပြီး ယာဉ်ထိခိုက်မှုလည်း မကြာခဏဖြစ်ပေါ်လျက်ရှိပါသည်။

သို့ပါ၍ အဆိုပါစည်းကမ်းမဲ့ ဈေးသည်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

အန္တရာယ်ကင်းစေလိုသူ

ဆံတော်တွင်း ကျောင်းတိုက်ရှေ့လမ်း ပြုပြင်ပေးသင့်

စာတည်းခင်ဗျား–

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဆံတော်တွင်းလမ်းမတန်း ဆံတော်တွင်းကျောင်းတိုက်ရှေ့တွင် ဆိုးရွားစွာ လမ်းပျက်စီးချွတ်ယွင်းနေသဖြင့် ခရီးသွားပြည်သူများ၊အနေးယာဉ်များ၊မော်တော်ယာဉ်များ ခက်ခဲစွာသွားလာနေကြရပါသည်။ သို့ပါ၍ အဆိုပါလမ်းအား ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ပဲခူးသား

ပေါင်းတလည်မြို့ ရေဆိုးထုတ်မြောင်းများပျက်စီးနေ

စာတည်းခင်ဗျား–

ပေါင်းတလည်မြို့ လမ်းမတော် အရှေ့ပိုင်းရပ်ကွက်ရှိ ဖောင်တော်လှည်းလမ်း ရေဆိုးထုတ်မြောင်းနှင့် ကုန်းတန်းကျောင်းလမ်း ရေဆိုးထုတ်မြောင်းများပိတ်ဆို့ ပျက်စီးပြီး ရပ်ကွက်အချို့တွင် ရေဝပ်လျက်ရှိရာ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက် ဝမ်းလျှော ရောဂါများ ဖြစ်ပွားနိုင်ပါသဖြင့် သက်ဆိုင်ရာမှ ကူညီဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

တာဝန်သိသူတစ်ဦး

သောက်သုံးရေကန် ပြုပြင်ဆောင်ရွက်ပြီး

၂၉–၅–၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက်နှင့် (၁၃)ရပ်ကွက်ကြားရှိ သောက်သုံးရေကန် ပြန်လည်ပြုပြင်ပါ** ခေါင်းစဉ်နှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

အမရပူရ ရထားလမ်းအနီးမှ ဈေးဆိုင်များ ဖယ်ရှားပြီး

၁၇–၇–၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **အမရပူရမြို့ သိမ်ကြီးဈေးအရှေ့ဘက်ရှိ ရထားလမ်းအနီးမှ ဈေးဆိုင်များ**နှင့် ပတ်သက်၍ ဇူလိုင် ၂၃ရက်က ဖယ်ရှားပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။ **(ဝဲပုံ)**

မြို့နယ်စည်ပင်

ကမ္ဘာ့ဘောလုံးသတင်းနောက်ဆုံးဖြစ်ရပ်များ

ကမ္ဘာ့ဘောလုံးသတင်းနှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ရပ်များကို မြန်မာ့အလင်း ဘောလုံးပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

အင်္ဂလန်ဘောလုံးသမားများ စိတ်တူသဘောတူရှိရန်

မက်ကလာရင်တိုက်တွန်း

အင်္ဂလန်လက်ရွေးစင် ဘောလုံးသမားများအနေဖြင့် နိုင်ငံ့အသင်းအတွက် ကစားရာတွင် မိမိတို့၏ကလပ်အသင်းများ၌ ကစားသကဲ့သို့ အင်တိုက်အားတိုက် ကစားကြရန်နှင့် စိတ်တူသဘောတူရှိကြရန် အင်္ဂလန်အသင်းနည်းပြ မက်ကလာရင်က တိုက်တွန်းလိုက်သည်။

အင်္ဂလန်အသင်းနည်းပြ မက်ကလာရင်။
(ဓာတ်ပုံ–အင်တာနက်)

အင်္ဂလန်အသင်းအတွက် လောလောဆယ်လူရွေးမှုတွင် အခက်အခဲရှိနေသော်လည်း ယင်းမှာ အချိန်ကာလတစ်ခုသာ ဖြစ်ကြောင်းလည်း လက်ရှိရွေးချယ်ထားသော ကစားသမားများနှင့်ပတ်သက်၍ ကာကွယ်ပြောကြားသည်။

ရလဒ်

မက်ကလာရင်သည် အင်္ဂလန်အသင်း၏ အစဉ်အလာလူရွေးချယ်မှုနှင့် လုပ်ရိုးလုပ်စဉ်များကို ချိုးဖျက်ကာ အကောင်းဆုံးဖြစ်အောင်၊ ရလဒ်ကောင်းများရရှိအောင် ကြိုးစားသွားမည်ဟုလည်း ခံယူထားသူဖြစ်သည်။

မက်ကလာရင်သည် ၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အင်္ဂလန်အသင်း မည်သည့်အတွက်ကြောင့် အောင်မြင်မှုမရရှိခဲ့သည်ကိုလည်း မကြာမီဖော်ထုတ်ပြောကြားမည်ဖြစ်သည်။

ဆလိုဗက်ဂိုးသမား ကာမေလ်

အာဆင်နယ်ရောက်ရှိဖွယ်

ဆလိုဗက်ကီးယားဂိုးသမား ကာမေလ်အား အာဆင်နယ်မှ ခေါ်ယူရန်ကြိုးစားနေကြောင်း ၎င်းကိုယ်တိုင်က ထုတ်ဖော်ပြောကြားလိုက်သည်။ ဇီနက်စိန့်ပီတာစဘတ်အသင်း ဂိုးသမားဖြစ်သူ ကာမေလ်သည် ယခုနှစ်ကုန်အထိ ရုရှားကလပ်၌ ဆက်လက်ကစားမည် ဖြစ်သော်လည်း အာဆင်နယ်က ကမ်းလှမ်းလျက်ရှိသည်။



ဆလိုဗက်ကီးယားဂိုးသမား ကာမေလ်။
(ဓာတ်ပုံ–အင်တာနက်)

အသက် ၂၈ နှစ်အရွယ်ရှိဂိုးသမား ကာမေလ်သည် အာဆင်နယ်၏ ကြိုးစားမှုကြောင့် ရောက်ရှိလာဖွယ်ရှိကြောင်း၊ သို့သော် စိန့်ပီတာစဘတ်ကလပ်ကလည်း နောက်ထပ်နှစ်နှစ် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ပြောဆိုမှုများရှိကြောင်း သိရသည်။ ကာမေလ်အနေဖြင့် စိန့်ပီတာစဘတ်ကလပ်နှင့် ဆက်လက်ပြီး စာချုပ်သစ်တစ်ရပ်ချုပ်ဆိုတော့မည်မဟုတ်ကြောင်း ပြောကြားလိုက်သဖြင့် အာဆင်နယ်သို့ရောက်ရှိရေး အလားအလာကောင်း တစ်ရပ်ဖြစ်နေသည်။

မိမိအနေဖြင့် ဩဂုတ်လကုန်တွင် ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း၊ အင်္ဂလန်နှင့် ပြင်သစ်ကလပ်များ၏ ခေါ်ယူမှုကို လက်ခံရရှိထားကြောင်း၊ နှစ်နိုင်ငံစလုံး မိမိသွားရောက်ကစားလိုသောဆန္ဒရှိကြောင်း၊ မကြာမီဆုံးဖြတ်ချက်ချမည် ဖြစ်ကြောင်း ကာမေလ်က ပြောကြားသည်။

အာဂျင်တီးနား ဆယ်ကျော်သက် တိုက်စစ်မှူးအား

လီဗာပူးခေါ်ယူလို

အာဂျင်တီးနားကလပ် ရေးဗားပလိတ်တွင် ကစားနေသော ဆယ်ကျော်သက်တိုက်စစ်မှူး ဂွန်ဇာလိုဟိုင်ဂွန်အား လီဗာပူးက ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

အသက် ၁၈ နှစ်အရွယ်ရှိ ဂွန်ဇာလိုအား လီဗာပူးက ပေါင် ၁၂ သန်းပေးမည်ဟု ကမ်းလှမ်းထားရာ ၎င်းငွေကြေးပမာဏသည် ရေးဗားပလိတ်ကလပ်၏ အခက်အခဲဖြစ်နေသော ဘဏ္ဍာငွေကို အထောက်အကူပြုပေးနိုင်မည် ဖြစ်သည်။

လီဗာပူးနည်းပြ ဘင်နီတက်ဇ်။
(ဓာတ်ပုံ–အင်တာနက်)

ဂွန်ဇာလိုသည် ပြင်သစ်နိုင်ငံဖွားဖြစ်ပြီး အာဂျင်တီးနားတွင် ကြီးပြင်းသူဖြစ်ရာ အင်္ဂလန်တွင် ကစားရန်အတွက် အလုပ်ပါမစ် အခက်အခဲမရှိချေ။ ဂွန်ဇာလိုသည် ရေဗားပလိတ်နှင့် ပြီးခဲ့သည့် ဘောလုံးရာသီ၌ ၁၂ ပွဲ ကစားခဲ့ရာ ငါးဂိုးသွင်းထားနိုင်သူဖြစ်သည်။

ဂွန်ဇာလို၏ဆန္ဒမှာ အာဂျင်တီးနားတွင်သာ ကစားလိုသော်လည်း လီဗာပူးနည်းပြ ဘင်နီတက်ဇ်ကလည်း ခေါ်ယူရန် ဆန္ဒပြင်းပြနေပြီး ကမ်းလှမ်းသည့်ငွေကြေးမှာလည်း သင့်လျော်သောပမာဏ ရှိနေသည်။

ဗီလာရီးရဲက ဆိုရင်နှင့်ဆန်နာကို ရောင်းချင်လို

ဗီလာရီးရဲကလပ်က အာဂျင်တီးနား ကစားသမား ပါဘလိုဆိုရင်နှင့် စပိန်ကွင်းလယ်ကစားသမား ဆန်နာတို့ကို ထုတ်ရောင်းချင်နေသော်လည်း ခိုင်မာသည့် ကမ်းလှမ်းမှုများမရှိကြောင်း ပြောကြားသည်။

ဆိုရင်ကို ဘော်လ်တန်အသင်းသို့ရောင်းချရေး ကြိုးစားနေသလို ဆန်နာကို မန်ယူမှခေါ်ယူရေးအတွက် မျှော်လင့်နေကြောင်း ဗီလာရီးရဲကလပ်က ပြောကြားသည်။ ။

(အင်တာနက်)

ကမ္ဘာ့တစ်လွှား အားကစား

မန်ယူမှ စီရိုနယ်ဒို၏ ကမ္ဘာ့ဖလားအမည်းစက် လီဗာပူးမှ စတီဗင်ဂျရတ် အမျက်ဒေါသထွက်နေဆဲ

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဩဂုတ် ၁၃

မန်ချက်စတာယူနိုက်တက်အသင်း တောင်ပံကစားသမား စီရိုနယ်ဒိုသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ရွန်နေအား ထွက်သွားရလေအောင် ပြုမူခဲ့ခြင်းအတွက် အမည်းစက်ကြီးအဖြစ် ထင်ကျန်နေကြောင်း စတီဗင်ဂျရတ်က နာမည်ဆိုးတပ်ကာ ဝေဖန်ပြောကြားလိုက်သည်။

ဒေါသထွက်

ရွန်နေနှင့်ပေါ်တူဂီနောက်တန်းလူ ရီကာဒိုကာဗယ်ဟိုနှင့် ဖြစ်သည့်ကိစ္စကို ရွန်နေအား အနီကတ်ဖြင့် ကွင်းအတွင်းမှ ထွက်သွားရအောင် ပါဝင်ပတ်သက်ခဲ့သည့် စီရိုနယ်ဒိုကို ဂျရတ် အမျက်ဒေါသထွက်ခဲ့သည်။

ဖော်ပြ

စီရိုနယ်ဒို၏ မန်ယူတွင် ပါဝင်ကစားမှုများသည် ဝမ်းနည်းစွာဖြင့် မှောင်ရိပ်လွှမ်းခဲ့လေပြီဟု ဂျရတ်က ၎င်း၏ကိုယ်ရေးအတ္ထုပ္ပတ္တိတွင် ရေးသားထားသည်ကို မီဒီယာများက ဖော်ပြခဲ့သည်။

ရွန်နေအား ကမ္ဘာ့ဖလားမှ ထွက်ခဲ့ရခြင်းမှာ အမည်းစက်ဖြစ်ခဲ့ကြောင်း၊ ထိုကမ္ဘာ့ဖလားတွင် ရွန်နေထွက်သွားပြီး အရန်ခုံတွင် ထိုင်နေစဉ် စီရိုနယ်ဒို

စတီဗင်ဂျရတ်နှင့် စီရိုနယ်ဒိုတို့၏ ကမ္ဘာ့ဖလား ဘောလုံးယှဉ်ပြိုင်ကစားခဲ့စဉ်က ပုံရိပ်များကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ–အင်တာနက်)

က တောင်းပန်နေခြင်းကို ပို၍မကျေနပ်ကြောင်း အင်္ဂလန်အသင်း ဒုတိယအသင်းခေါင်းဆောင်ဖြစ်သော စတီဗင်ဂျရတ်က ပေါက်ကွဲမှုများဖြင့် ပြောကြားခဲ့သည် ဟုဆိုသည်။

(အင်တာနက်)

မန်ယူ တိုက်စစ်မှူး ရွန်နေ ပရီမီယာရှစ်အဖွင့်ပွဲနှင့် လွဲဖွယ်ရှိ

လန်ဒန် ဩဂုတ် ၁၃

မန်ချက်စတာယူနိုက်တက် တိုက်စစ်မှူး ဝိန်းရွန်နေသည် ဒဏ်ရာရနေသဖြင့် လာမည့် သီတင်းပတ်တွင်

ပရီမီယာရှစ် ဖလားပြိုင်ပွဲ အဖွင့်ပွဲနှင့် လွဲဖွယ် ရှိသော ရွန်နေ။
(ဓာတ်ပုံ–အင်တာနက်)

စတင်ကစားမည့် ပရီမီယာရှစ်အဖွင့်ပွဲနှင့် လွဲလိမ့်မည်ဖြစ်ကြောင်း အသင်းမန်နေဂျာဖာဂူဆန်က ပြောကြားသည်။

ရွန်နေသည် လာမည့် တနင်္ဂနွေနေ့ (**ဩဂုတ် ၂၀ရက်**)တွင် ဖူလ်ဟမ်အသင်းနှင့် အိမ်ကွင်းကစားရန် ဒဏ်ရာမှ ပြန်ကောင်းလာအောင် ရုန်းကန်ကြိုးစားနေရကြောင်း မန်နေဂျာဖာဂူဆန်က ပြောကြားသည်။ ရွန်နေအား အမြန်ဆုံး ဒဏ်ရာပျောက်ကင်းအောင် ကုသပေးသွားမည် ဖြစ်ကြောင်း ဩဂုတ် ၁၂ရက်က ဆီဗီလာကို မန်ယူက သုံးဂိုး–ဂိုးမရှိဖြင့် နိုင်ပြီးနောက် ၎င်းမန်နေဂျာက ပြောကြားသည်။

ပြောကြား

ရွန်နေ ပေါင်ခြံ၌ အနည်းငယ်ဒဏ်ရာရခဲ့ကြောင်း၊ သို့ရာတွင် လာမည့်တနင်္ဂနွေနေ့ပွဲအတွက် စိုးရိမ်ကြောင်း ၎င်းကပြောသည်။

ရွန်နေသည် လွန်ခဲ့ သောရှစ်ရက်က ပေါ်တိုအသင်းနှင့် ယှဉ်ပြိုင်ကစားအပြီး တစ်ပွဲမျှ ပါဝင်ကစားခြင်း မရှိသေးပေ။ ယင်းပွဲတွင်မန်ယူက သုံးဂိုး–တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ သို့သော်လည်း ရွန်နေသည် ယင်းပွဲတွင် အနီကတ်ဖြင့် ထွက်ခဲ့ရသည်။

တာဝန်ယူကစား

မန်ယူက နစ္စတယ်ရွိုင်းအား ရီးရဲမက်ဒရစ်သို့ ရောင်းထုတ်လိုက်ပြီဖြစ်၍ ၎င်း၏နေရာတွင် အလန်စမစ်က တာဝန်ယူကစားဖွယ်ရှိသည်။

ဩဂုတ် ၁၂ရက်က ဆီဗီလာနှင့်ပွဲတွင် စီရိုနယ်ဒိုနှင့် ဆာဟာတို့အတွဲကို ဖာဂူဆန်က ပွဲထုတ်ကစားခဲ့ပြီး သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

(အင်တာနက်)

နာမည်ကြီးတင်းနစ်မယ် ရှာရာပိုဗာအား တစ်နိုင်ငံတည်းသူ ဒီမင်တီဗာအနိုင်ယူခဲ့

လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၃

ရုရှားတင်းနစ်မယ် ဒီမင်တီဗာသည် လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပသော ဂျေပီမိုဂန်ချေးစ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသူ မာရီယာရှာရာပိုဗာအား ထိုးနှက်အနိုင်ယူလိုက်သည်။

ထိပ်တန်းတင်းနစ်မယ် ရှာရာပိုဗာသည် လွန်ခဲ့သောသီတင်းပတ်က ဆန်ဒီဂိုမြို့၌ ကျင်းပသော အကူရာကလပ်ဆစ်အိုးပင်းဖလားကို ပုပုနွေးနွေး ဆွတ်ခူးထားသူဖြစ်သည်။

ဒီမင်တီဗာသည် ပထမပွဲစဉ်တွင် ၁–၅ ဖြင့်ရှုံးနိမ့်နေရာမှ ပြန်လည်ဖိကစားခဲ့ရာ ၇–၅ ဖြင့်အနိုင်ရလိုက်သည်။ ဒုတိယပွဲစဉ်တွင် ၎င်းကပင် ၆–၂ ဖြင့် အနိုင်ရခဲ့ပြန်သည်။

ဒီမင်တီဗာသည် ဗိုလ်လုပွဲတွင် အမေရိကန်သူ ဆီရီနာဝီလျံ သို့မဟုတ် ဆားဘီးယားသူ ဂျန်ကိုဗစ်တို့ထဲမှ တစ်ဦးဦးနှင့် တွေ့မည်ဖြစ်သည်။

(အင်တာနက်)



အာစရိယပူဇော်ပွဲ

၁၉၉၁ခုနှစ်တွင် စတင်တက်ရောက်ခဲ့ကြသော မန္တလေးစက်မှုတက္ကသိုလ် First Batchကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့ – **၁၃၆၈ခုနှစ်၊သီတင်းကျွတ်လပြည့်နေ့(၆–၁၀–၂၀၀၆)**
ကျင်းပမည့်အချိန် – **ညနေ ၃ နာရီ**
ကျင်းပမည့်နေရာ – **Oriental House Restaurant Corner of 64^{th} and 27^{th} Street Mandalay**

သက်ဆိုင်ရာ ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များထံသို့ ၃၁–၈–၂၀၀၆ရက် နောက်ဆုံးထားဆက်သွယ်ကြပါရန်။

ရန်ကုန်	–	ကိုထွန်းလင်း	ဖုန်း–၀၉–၈၀ ၂၀၁၉၁
		ကိုဇော်လင်း	ဖုန်း–၀၉–၅၁ ၄၁၄၅၆
		ကိုတင်ထွန်းနိုင်	ဖုန်း–၀၉–၉၉ ၂၃၈၅၆
		မ၀င်းလဲ့ဦး	ဖုန်း–၀၉–၅၁ ၀၀၀၆၁
မန္တလေး	–	ကိုပြည်မိုး	ဖုန်း–၀၉–၂၀၀ ၄၇၄၆
		မခင်၀င်းလှ	ဖုန်း–၀၉–၅၁ ၄၇၈၇၉
တောင်ကြီး	–	ခွန်အောင်ကျော်ထွန်း	ဖုန်း–၀၉–၅၁ ၄၂၅၉၀

ပူဇော်ပွဲကျင်းပရေးကော်မတီ။

ပြည်တောင်တန်းတောရကျောင်းများအတွက် ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေးများလောင်းလှူပွဲ

ရန်ကုန် ဩဂုတ် ၁၃

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ပြည်တောင်တန်းတောရကျောင်းများ ဆွမ်းဆန်တော်လောင်းလှူရေး အသင်းကြီး၏ (၂၅)ကြိမ်မြောက် ဆွမ်းဆန်တော် လောင်းလှူပွဲကို စက်တင်ဘာ၂၁ရက် (၁၃၆၈ခုနှစ် တော်သလင်းလပြည့်ကျော် ၁၅ရက်) ကြာသပတေးနေ့ မွန်းလွဲ ၁နာရီတွင် ပြည်မြို့ ဗိုလ်ချုပ်လမ်းရှိ သာသနာ့ ဗိမာန်တော်ကြီး၌ လောင်းလှူ ပူဇော်ကြမည် ဖြစ်သည်။

ပြည်မြို့ တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းကြီးက ရဟန်း၊ သာမဏေ၊ သီလရှင် ၁၆၀၆ပါးတို့အား လောင်းလှူပူဇော်မည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ စေတနာရှင် ပြည်သူအပေါင်းတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးများ လှူဒါန်းလိုပါက အသင်းကြီး ဖုန်း–၀၅၃–၂၂၁၀၂၊ ၀၅၃–၂၂၅၃၆၊ ၂၁၃၇၅၊ ၀၅၃–၂၁၉၄၄၊ ၂၂၃၆၄၊ ၀၅၃–၂၂၅၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ငါးသားပေါက်စိုက်ထည့်၊ သစ်ပင်စိုက်ပျိုး

နေပြည်တော် ဩဂုတ် ၁၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ငါးသားပေါက်များ စိုက်ထည့်ခြင်းနှင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဩဂုတ်၁၁ ရက်နံနက်ပိုင်းတွင် နေပြည်တော်ရှိ လျှို့ပိတ်ဆည်ငယ်၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက ငါးမြစ်ချင်း၊ ငါးကြင်း စသည့် ငါးသားပေါက်များကိုလည်းကောင်း၊ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများက ငါးသားပေါက်များကိုလည်းကောင်း စိုက်ထည့်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် လျှို့ပိတ်ဆည် ပတ်ဝန်းကျင်၌ သစ်ပင်စိုက်ပျိုးပွဲကို ဆက်လက် ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက သစ်ပင်များ စိုက်ပျိုးပေးသည်။ ထို့နောက် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများက သတ်မှတ်ထားသောနေရာများ၌ သစ်ပင်များကို အသီးသီးစိုက်ပျိုးကြရာ ဒုတိယဝန်ကြီးက လှည့်လည်ကြည့်ရှုအားပေးသည်။

စိုက်ပျိုးခဲ့

စိုက်ထည့်သော ငါးသားပေါက်များမှာ ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ၁၀၀၀၀၊ တီလားပီးယားငါးကောင်ရေ ၅၀၀၀ စုစုပေါင်း ငါးမျိုးစုံကောင်ရေ ၂၅၀၀၀ ဖြစ်သည်။ သစ်ပင်များ စိုက်ပျိုးရာတွင် မဟော်ဂနီ၊ ကြက်ဆူပင်၊ စိန်ပန်း၊ သရက်၊ စွယ်တော်ပင်များစိုက်ပျိုးခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်မသုံးစွဲရနေ့ ကြပ်မတ်စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၃

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းနောင်နှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများသည် အဖွဲ့ဝင်များနှင့်အတူ နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့တွင် ရန်ကုန်မြို့၏ အချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်းကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပ်မတ်ကြသည်။

ကြည့်ရှုစစ်ဆေး

မော်တော်ယာဉ်များမသုံးစွဲ ရနေ့ စစ်ဆေးရေးအဖွဲ့ဝင်များသည် နံနက် ၇နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ မော်တော်ယာဉ်မသုံးစွဲ ရနေ့ စည်းကမ်းများဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဝှီးတက်)၊ ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာခြင်း ရှိ၊မရှိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုတို့ကိုပါ ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွမြို့၊ (၉)ရပ်ကွက်နေ ကျွန်တော်၏သမီးဖြစ်သူ မတင်တင်ကြူ(ခ)မချိုသည် မိဘ၊ ညီအစ်မများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

ဦးကြူစိန်–ဒေါ်သန်းဌေး။

ရွာရန် ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

မိုးသက်လေပြင်းတိုက်ခတ်နိုင်

ရန်ကုန် ဩဂုတ် ၁၃

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၌ နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ ရခိုင်ပြည်နယ်၌ ဒေသအလိုက်နှင့် မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ယမန်နေ့ညပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းကာ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းသို့ရောက်ရှိခဲ့သည်။ ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲတိုင်းထွာချက်များအရ အဆိုပါ မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဩဂုတ် ၁၄ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်နှင့်စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင်နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်ဟုသိရသည်။ (မြန်မာ့အလင်း)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊အမှတ်(၃၂)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၃

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၂)တွင် ကိုကို (စက်မှု တက္ကသိုလ်)၏ အယ်ဒီတာ့ ဒိုင်ယာရီ၊ ကိုရီးယားခရီး သွားဆောင်းပါး၊ မြန်မာ–ထိုင်း စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများအရှိန်အဟုန်မြင့်လာ၊ ရထားများအားလုံး နေပြည်တော်က စထွက်မည်၊ နယ်မှာနေလို့ မပူနဲ့ အိမ်မှာနေပြီး ပတ်စ်ပို့ရမည်၊ ပြည်တွင်းစက်မှုထုတ်ကုန် အထူးကဏ္ဍ သတင်းနှင့်ဆောင်းပါးများ စသည့်မျက်မှောက်ရေးရာ ပြည်တွင်းသတင်းစုံလင်စွာဖြင့် ယနေ့ထွက်ရှိလာသည်။

အာရှတိုက်ရဲ့ ဘောလုံးသိက္ခာကိုမြှင့်တင်ပေးမယ့် တရုတ်သွေးသစ်လူငယ် ဒေါင်ဖန်ဇူး၊ ပငြိမ်ဗိုဝအကြော ထိုးဆေးကြောင့် တရုတ်နိုင်ငံတွင် သုံးဦးဖိတ်စဉ် ၇၈ဦး ဒုက္ခရောက်၊ မွန်တီနီဂရိုးနိုင်ငံ သံတစ်ဦးတည်းနှင့် သံရုံး စတင်ဖွင့်လှစ်သည့် နိုင်ငံတကာသတင်းများ၊ စီးပွားရေး၊ ကျန်းမာရေးသုံးသပ်ချက်ဆောင်းပါးများနှင့် ဖျော်ဖြေရေးကဏ္ဍ ဝေဝေဆာဆာဖြင့် e-Empire Media Houseဖုန်း–၂၂၆၈၅၈ ကမြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

ပြည်သူများ စွမ်းစွမ်းတမံ ပူးပေါင်းမှုဖြင့် ဆိုင်ကယ်သူခိုးအား နာရီပိုင်းအတွင်း ဖမ်းဆီးမိ

နေပြည်တော် ဩဂုတ် ၁၃

ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက်နေ မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်း ဦးမျိုးမြင့်အောင်သည် မိမိပိုင် ရင်ဇင်းအမျိုးအစားဆိုင်ကယ်ကို ဩဂုတ်၅ရက် ည၈နာရီ ၄၅မိနစ်တွင် နေအိမ်ရှေ့ဝင်းတံခါးအနီး သော့ခတ်ထားစဉ် ပျောက်ဆုံးသွားသဖြင့် ပျဉ်းမနားရဲစခန်းသို့ တိုင်တန်းခဲ့သည်။

လက်ရဖမ်းမိ

တိုင်တန်းချက်အရ ပျဉ်းမနားရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်သက်ဝင်းနှင့်အဖွဲ့ဝင်များ၊ ရဲစခန်းအပိုင်နယ်မြေများမှ ရဲကင်းများ၊ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ လယ်ဝေး၊ ရေဆင်း၊ တပ်ကုန်း ရဲစခန်းများမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းဆက်သွယ်ဆောင်ရွက်မှုကြောင့် လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ဒုတိယရဲအုပ်မြင့်အောင်နှင့်အဖွဲ့က ဆိုင်ကယ်ခိုးယူထွက်ပြေးသူ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက်မြို့သစ်ရပ်နေ ကိုလတ် ၂၅နှစ် (ဘ)ဦးအောင်ဒင်အား အခင်းဖြစ်နေ့ ည၁၀နာရီတွင် လယ်ဝေးမြို့ အဝင်ဂိတ်၌ ခိုးယူလာသောဆိုင်ကယ်နှင့်အတူ လက်ရဖမ်းဆီးရမိခဲ့သည်။

ယင်းကဲ့သို့ ဆိုင်ကယ်ခိုးသူတရားခံအား မှုခင်းဖြစ်ပွားပြီး နာရီပိုင်းအတွင်း ဖမ်းဆီးရမိခြင်းမှာ ဒေသခံပြည်သူများ၊ ရဲတပ်ဖွဲ့ဝင်များက စိတ်ရောကိုယ်ပါ ထက်သန်သောစေတနာအပြည့်ဖြင့် အချိန်မဆိုင်းဘဲ စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

အမျိုးသမီးရေးရာသိကောင်းစရာ ပညာပေးဟောပြော သက်ကြီးရွယ်အိုများအား ဆေးဝါးနှင့်ငွေပူဇော်ကန်တော့

ရေတာရှည် ဩဂုတ် ၇

ပဲခူးတိုင်း အမျိုးသမီးရေးရာဖွဲ့ကကြီးမှူး၍ ရေတာရှည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကျင်းပသည့် အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာ တိုင်းအဆင့်ပညာပေး ဟောပြောပွဲနှင့် သက်ကြီးရွယ်အို အဘိုးအဘွားများအား အာဟာရဆေးဝါးနှင့် ငွေပူဇော်ကန်တော့ပွဲကို ဩဂုတ် ၄ရက် နံနက် ၉နာရီက ရေတာရှည် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများကို ရှင်းလင်းမှာကြားသည်။

ဟောပြော

ထို့နောက် ရေတာရှည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် မြို့နယ်တရားသူကြီး ဒေါ်အေးအေးစန်းက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ခင်စောဝင်းက အမျိုးသမီးများ လူနေမှုဘဝမြင့်တင်ရေး၊ တိုင်းရင်းသားရေးရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို လည်းကောင်း၊ လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်အေးကြူက မြန်မာအမျိုးသမီးများ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားကြရန်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရန်နှင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် အစဉ်အလာကောင်းများကို ထိန်းသိမ်းမြှင့်တင်ရန် စသည့် သိကောင်းစရာများကို ဟောပြောကြသည်။

လှူဒါန်း

ဆက်လက်၍ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များမှ အသက်(၈၀)ကျော် အဘိုးအဘွား ၁၀ဦးတို့အား အာဟာရဆေးဝါးနှင့်ငွေများကို ပေးအပ်လှူဒါန်းပြီး ပူဇော်ကန်တော့ကြသည်။

(အပေါ်ဝဲပုံ)(အမျိုးသမီးရေးရာ)

လင်းခေးမြို့ ဆေးရုံမြို့တွင်းလမ်း ကျောက်ချောခင်း ခြံစည်းရိုးကြက်ဆူပင်များ နွေသီးဆွတ်ခူး

လင်းခေး ဩဂုတ် ၅

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းသည် အဖွဲ့ဝင်(၁) ဒုတိယရဲမှူးကြီး ရှိန်ဝင်းနှင့် ခရိုင်စိုက်တိုးမြှင့်အဖွဲ့လိုက်ပါလျက် ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီက ခရိုင်တွင်းရှိ မြို့နယ်များဖြစ်သော လင်းခေး၊ မိုးနဲ၊ မောက်မယ်မြို့များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် လင်းခေးမြို့ ဆေးရုံမြို့တွင်းလမ်းကို နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သိန်း၂၀၀ဖြင့် ကျောက်ချောခင်းမှု အခြေအနေကို ကြည့်ရှု စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေက ရှင်းလင်းတင်ပြသည်။

စစ်ဆေး

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ခရိုင်ရဲတပ်ဖွဲ့ရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာနနှင့် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးတို့တွင် စိုက်ပျိုးခဲ့သည့် ခြံစည်းရိုးကြက်ဆူပင်များမှ နွေသီးဆွတ်ခူးနေမှုများနှင့် နွေသီးစုဆောင်းရရှိထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် နံနက် ၉နာရီခွဲက မိုးနဲမြို့သို့ ဆက်လက်ထွက်ခွာလာရာ မိုးနဲ–လင်းခေး နယ်ခြားမှတ်တိုင် မိုင်တိုင် ၄၀/၀ ၌ သက်ဆိုင်ရာ မြို့နယ်မှ ခြံစည်းရိုး ကြက်ဆူအပင်ကြီးများကို လမ်းဘေးဝဲယာများတွင် စနစ်တကျစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် နံနက် ၁၀နာရီခွဲက မိုးနဲမြို့သို့ ရောက်ရှိပြီး မိုးနဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ရပ်ကွက်ကျေးရွာများမှ ဥက္ကဋ္ဌများနှင့် တွေ့ဆုံပြီး မိမိတို့ရပ်ကွက်ကျေးရွာအလိုက် စိုက်ပျိုးပြီးစီးသည့် ခြံစည်းရိုးကြက်ဆူပင်များနှင့် ကြက်ဆူအစေ့ (နွေသီး) စုဆောင်းရရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

စနစ်တကျ

ဆက်လက်ပြီး ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မိုးနဲမြို့နယ် ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူစိုက်ခင်းဧကစိုက်ခင်းများသို့ သွားရောက်ကွင်းဆင်းစစ်ဆေးရာ မြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း ကိုးဧကအနက် လေးဧကမှာ ပြည်သူ့ဆေးရုံဝင်းအတွင်း ပင်ခြား ၈ပေ တန်းကြား ၁၀ ပေဖြင့် စနစ်တကျ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကွန်ပျူတာသင်တန်းဖွင့်

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အခြေခံကွန်ပျူတာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၀ ရက်က ဘားအံမြို့ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်က သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။

(မြို့နယ်စည်ပင်)

တစ်နိုင်ငံလုံး အိုင်အိုဒင်းဆား စားသုံးရေး စီမံချက်ရှင်းလင်းပွဲ ထားဝယ်၌ကျင်းပ

ထားဝယ် ဩဂုတ် ၅

တစ်နိုင်ငံလုံး အိုင်အိုဒင်းဆား စားသုံးရေးစီမံချက် ထပ်မံအသိပေးရှင်းလင်းပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီခွဲက ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုက အမှာစကားပြောကြားပြီး စီမံချက်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကျန်းမာရေး ဦးစီးဌာန အာဟာရဌာနခွဲမှ စီမံချက်တာဝန်ခံ ဒေါက်တာ ဆွေဆွေလှိုင်က ရှင်းလင်းတင်ပြသည်။

တက်ရောက်

အဆိုပါ အသိပေးရှင်းလင်းပွဲသို့ ထားဝယ်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဆားလုပ်ငန်းရှင်များနှင့် ဆားလက်လီလက်ကားရောင်းချသူများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ်ကျန်းမာရေး)

အမြို့မြို့ အနယ်နယ် သတင်းများ

စာကြည့်တိုက်များ ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေး

မိတ္ထီလာ ဩဂုတ် ၇

မန္တလေးတိုင်း မိတ္ထီလာမြို့နယ်ရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက တောမ ကျေးရွာလူငယ်အားမာန်စာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် တောမအုပ်စု ဥက္ကဋ္ဌ ဦးညီတင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးမောင်မောင်အုန်းကစာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေးအတွက် ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။

အလားတူ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက်က လျှော်ဖြူကန်ကျေးရွာအုပ်စု၊ လျှော်ဖြူကန်ကျေးရွာ ရွာဦးကျောင်းဓမ္မာရုံတွင် လည်းကောင်း၊ ဇူလိုင် ၁၅ ရက်က သဲကုန်းကျေးရွာ စာကြည့်တိုက်နှင့် ဆူးဖြူကွက်ကျေးရွာ စာကြည့်တိုက်တွင် လည်းကောင်း၊ သီးကုန်းကျေးရွာ စာကြည့်တိုက်နှင့် မုန်တိုင်း ကျေးရွာစာကြည့်တိုက်တွင် လည်းကောင်း၊ ဇရပ်ကုန်းကျေးရွာအုပ်စု စာကြည့်တိုက်တွင် လည်းကောင်း၊ သရက်ပင်ကျေးရွာ စာကြည့်တိုက်တွင် လည်းကောင်း၊ သဲကုန်းကျေးရွာ စာကြည့်တိုက်တွင် လည်းကောင်း၊ ကန်တောင်ကျေးရွာ စာကြည့်တိုက်တွင် လည်းကောင်း၊ ညောင်ကုန်းကျေးရွာ စာကြည့်တိုက်တွင် လည်းကောင်း၊ မြင်းကန်ကျေးရွာ စာကြည့်တိုက်တွင်လည်းကောင်းကျင်းပပြီး စာကြည့်တိုက်ရေရှည်တည်တံ့ရေး၊ စာအုပ်စာပေများ တိုးပွားရေးနှင့် စာကြည့်တိုက် တည်ဆောက်နိုင်ရေး တို့ကို ရှင်းလင်းဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

တိုက်ကြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်း၊ မြေဆွေးထည့်ခြင်းနှင့် ပေါင်း မြက်များ ရှင်းလင်းခြင်း လုပ်ငန်းများကို ဇူလိုင် ၂၁ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ်
(ဝါခေါင်လပြည့်ကျော် ၇ ရက်)
၁၅–၈–၂၀၀၆
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ဆေးဝါးကျွမ်းကျင်သူများ သမဝါယမအသင်းလီမိတက်၏ ဆေးဝါး ထုတ်လုပ်မှုအကြောင်း)
၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (အရဏ်ဦး၏တေးသံ ကလေးများ–တက္ကသိုလ်ညိုသန့်)
၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (သမုဒ္ဒရာထက် နက်ဝန်းတဲ့ အချစ်ဆိုသော ထိုအရာ–ယံယံနှင်းဆီ)
၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ကမ္ဘာပတ်၍ လမ်းလျှောက်ခြင်း)
၁၂:၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ကလေးတို့ဘာသာစကားစွမ်းရည် ဖွံ့ဖြိုးဖို့ အိမ်မှာ ပံ့ပိုးပေးနိုင်မှု)
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အလယ်တန်း–အထွေထွေသိပ္ပံ) (သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းများ အသုံးပြုခြင်းဆိုင်ရာ သိကောင်းစရာ)

ညနေပိုင်း

၁၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်ပါဠိနှင့်အနက်)
၁၆:၁၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင် (၁) ကမ္ဘာကျော်တဲ့ ကျွန်းရွှေဝါ (၂) ကြီးမားမေတ္တာ မြစ်ဧရာ (၃) သာမောဖွယ်ရာ ပြည်မြန်မာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၃၀ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (ကျန်းမာစေဖို့ လိုက်နာကျင့်သုံးရမည့် နည်းလမ်းများ–မောင်–ဆေးတက္ကသိုလ်)
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ချစ်တတ်စေချင်)
၁၉:၁၅ မြန်မာမှု မြန်မာ့သဘင် (ဝဏ္ဏကျော်ထင် စိန်အောင်မင်း ဇာတ်သဘင်အဖွဲ့မှ ဗုဒ္ဓဝင်ရာဟုလာ အမွေတောင်းခန်း–ပထမပိုင်း)
၂၀:၃၀ မြန်မာမှု မြန်မာ့သဘင် (ဝဏ္ဏကျော်ထင် စိန်အောင်မင်း ဇာတ်သဘင်အဖွဲ့မှ ဗုဒ္ဓဝင်ရာဟုလာ အမွေတောင်းခန်း–ဒုတိယပိုင်း)
–အဖိတ်နေ့နှိုးဆော်ချက်

ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ခုဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်သော သာယာကုန်းတံတား(ကျေးလက်) ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး ဇူလိုင် ၃၀ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာဦးသန်းလွင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ဒဂုံတက္ကသိုလ်
(၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဒဂုံတက္ကသိုလ်မှ ၂၀၀၅ခုနှစ် စက်တင်ဘာလနှင့် ၂၀၀၆ခုနှစ် မတ်လတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ အင်္ဂလိပ်စာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့၊ မဟာဒဿနဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ ဂုဏ်ထူးဘွဲ့၊ ဥပဒေပညာဘွဲ့(၂၀၀၁-အောင်)စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် သို့မဟုတ် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာ ပုံစံများကို ၂၀၀၆ခုနှစ် ဩဂုတ်လ၉ရက်နေ့မှ စက်တင်ဘာလ ၉ရက်နေ့ထိ လျှောက်လွှာများကို တင်သွင်းလျှောက်ထားနိုင်ပါသည်။ ယခင်နှစ်များက ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက် ဘွဲ့လျှောက်ထားနိုင်ပါသည်။

၂။ သတ်မှတ်ထားသောလျှောက်လွှာပုံစံကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင်ရယူလျက် မကြာသေးမီကရိုက်ကူးထားသော၂လက်မ x ၁½ လက်မ အရွယ်ဓာတ်ပုံနှစ်ပုံစီ (အမျိုးသမီးများ မြန်မာအမျိုးသမီးဝတ်စုံဖြင့်၊ အမျိုးသားများ မြန်မာအမျိုးသားဝတ်စုံ၊ သို့မဟုတ် အနောက်တိုင်းဝတ်စုံအပြည့်ဖြင့်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်လာ၍ ပူးတွဲလျှောက်ထားရမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်မည် သို့မဟုတ် အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည် မဟုတ်ပါ။

၄။ ဘွဲ့နှင်းသဘင်ပုံစံတင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/-ကျပ်(ကျပ်တစ်ထောင့်ငါးရာတိတိ) ပေးသွင်းကြရပါမည်။ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/-ကျပ်(ကျပ်တစ်ထောင်တိတိ)ပေးသွင်းကြရပါမည်။ နယ်မှ လျှောက်ထားသူများသည် သတ်မှတ်ကြေးများကို ဒဂုံတက္ကသိုလ် ငွေလက်ခံဌာနသို့ စာတိုက် ငွေပို့လွှာ(Postal Money Order)ဖြင့်ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာတွဲစသည်တို့ကို တိကျစွာ ဖော်ပြရပါမည်။

၅။ ဘွဲ့နှင်းသဘင်ကျင်းပမည့် နေ့ရက်၊အချိန်နှင့်အစမ်းလေ့ကျင့်မည့်နေ့ရက်နှင့် အချိန်တို့ကို ထပ်မံကြေညာပါမည်။

လှမြင့်
မော်ကွန်းထိန်း
ဒဂုံတက္ကသိုလ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ် ၀၈-/မမ/ပြည်တွင်း/သံထည်ပစ္စည်း(CE)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	M/S Plate, Angle, Channel	1 Lot
2.	H-Beam 450x14x18 (6 Metre)	63 Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် ၂၉-၈-၂၀၀၆ ရက် (အင်္ဂါနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၄-၈-၂၀၀၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄ (၂၀၁၅၅-လိုင်းခွဲ-၆၀၂၊ ၆၁၃)။

ကိုတ္တိမသမီးများအမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်ခြင်း

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ဂုဏ်တော်ရပ်ကွက်၊ ဘူတာလမ်းနေ ဦးတင်(ခ)ဦးစီယို ၇/ကတခ(နိုင်)၀၁၀၃၁၈၏ ကိုတ္တိမသမီးများ ဖြစ်ကြသော (၁) မဝင်းစိန် ၇/ကတခ(နိုင်)၀၁၀၄၆၇၊ (၂) မကြည်စိန်း ၇/ကတခ(နိုင်)၀၉၁၇၁၆၊ (၃) မနွယ်နွယ်ဝင်း ၇/ကတခ(နိုင်)၀၉၁၇၀၅၊ (၄)မသွယ်သွယ်ခင် ၇/ကတခ(နိုင်) ၁၁၁၅၁၀၊ (၅) မဝါဝါဦးတို့သည် မွေးစားဖခင်၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ ဖခင်ကျန်းမာရေးထိခိုက်စေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် အမျိုးမျိုးပြုမူဆောင်ရွက်ခဲ့ပြီး နေအိမ်မှ ၎င်းတို့ဆန္ဒအလျောက် ဆင်းသွားပါသဖြင့် အမွေလုံးဝမခံစားထိုက်သော ကိုတ္တိမသမီးများ အဖြစ်မှ စွန့်လွှတ်ပါကြောင်း၊ ၎င်းတို့နှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင်(ခ)ဦးစီယို၏ ညွှန်ကြားချက်အရ-ဦးကရစ်ချ်နားကူမာ (LL.,B)
တရားရုံးချုပ်ရှေ့နေ(စဉ်-၄၇၆၅)
အမှတ်-ကန/၆၆၃၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်း။

ကုန်ကြမ်းပစ္စည်းတစ်မျိုး ဝယ်ယူလိုခြင်း

စဉ်	ပစ္စည်းအမျိုးအစား	လိုအပ်ချက်	ပေးသွင်းရမည့်နေရာ
၁။	ကြက်ဆူဆီ	၂၅၀၀ ကီလို	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ
၂။	ပေးသွင်းရမည့်ကာလ	(၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်အတွင်း)	
၃။	တင်ဒါပိတ်ရက်	(၁၈-၈-၂၀၀၆ ရက် သောကြာနေ့ မွန်းလွဲ ၂:၀၀ နာရီ)	

မှတ်ချက်။ ။အသေးစိတ်အကြောင်းအရာများကို မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ ပစ္စည်း စီမံရေးဌာနတွင် ရုံးချိန်အတွင်းစုံစမ်းနိုင်ပြီး တင်ဒါပုံစံများကိုလည်း ဝယ်ယူနိုင်ပါသည်။ **ဆက်သွယ်ရန်ဖုန်း-၆၆၃၄၈၁။**



မိုးစပါးစိုက်ခင်း၌ ပေါင်းလိုက်၊ သမန်းနှိုး၊ ဓာတ်မြေသြဇာကြဲပက်

ကျောက်တံခါး ဩဂုတ် ၁၀

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် တောကျွဲအင်းဒေသ ၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါး မြို့ဝင်စံပြကွက်ဧက ၁၀၀၀ စိုက်ခင်း၌ ပေါင်းလိုက်၊ သမန်းနှိုး၊ ဓာတ်မြေသြဇာကြဲပက်မှုကို ဩဂုတ်၇ရက်နံနက်ကကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမောင်စိုးနှင့် အဖွဲ့ဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ နယ်မြေတာဝန်ခံ ဦးဝင်းကိုနှင့် ဝန်ထမ်းများ၊ တောင်သူများ စုပေါင်း၍ ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်၊ အတွင်းရေးမှူး ဦးမျိုးဟန်၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးစောစိန်ဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ သမိုင်းဝင် ကျိုက်သုတ်စေတီတော် ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်ရန်အတွက် ဇွန်၁၈ရက်က မော်လမြိုင်မြို့ လေးထပ်ဈေးရှေ့ ဦးမင်းသိန်းမြင့်-ဒေါက်တာ သစ်သစ်လွင်ဌေး (ကောင်းလာဘ်) ရတနာရွှေဆိုင်မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း လှူဒါန်းရာ ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်က လက်ခံယူစဉ်။ (၁၆၈)

မော်လမြိုင်ကျွန်း ဩဂုတ် ၁၀

မော်ကျွန်းပရိယတ္တိ သာသနာလင်္ကာရအသင်း သာမဏေကျော်စာမေးပွဲ ကျင်းပရေးစည်းဝေး

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ပရိယတ္တိ သာသနာလင်္ကာရအသင်း၏(၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့်သာမဏေကျော်စာမေးပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်၈ရက် မွန်းလွဲ၁နာရီက ပစ္ဆိမာရုံစာသင်တိုက်၌ကျင်းပသည်။

အခမ်းအနားတွင်အသင်းနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပစ္ဆိမာရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ စိန္တိတာလင်္ကာရထံမှ ဩဝါဒခံယူကြပြီး မြို့နယ်ဥက္ကဋ္ဌဦးကိုကိုအောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ အသင်းအတွင်းရေးမှူး ဦးခင်ဝင်းမောင်က ငွေစာရင်းရှင်းတမ်းကိုလည်းကောင်း၊အသင်းတစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်များကို အသင်းအမှုဆောင် ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)နှင့် အသင်းအမှုဆောင် ဦးတင်လှိုင်တို့က လည်းကောင်း ရှင်းလင်း လျှောက်ထားကြသည်။

ထို့နောက် (၁၇)ကြိမ်မြောက် သာမဏေကျော်စာမေးပွဲကို နိုဝင်ဘာ ၁၄ရက်မှ၁၇ရက်အထိကျင်းပမည်ဖြစ်ရာ သာမဏေကျော် ဝင်ခွင့်လျှောက်လွှာများကို ပစ္ဆိမာရုံစာသင်တိုက် ဖုန်း- ၀၄၂-၅၀၃၃၂၊ဦးမျိုးဆွေ ဖုန်း- ၀၄၂-၅၀၃၃၇နှင့် ဦးတင်လှိုင်ဖုန်း-၀၄၂-၅၀၂၆၇တို့သို့ ဆက်သွယ်ရယူနိုင်သည်။ **(၀၉၇)**

လယ်ဝေးနှင့် အေလာမြို့ရှိ ပရိယတ္တိစာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့်စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကျင်းပ

လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်နှင့် အေလာမြို့ ရတနာပုံတောရ ပရိယတ္တိစာသင်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲတွင် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရ အောင်ကိုတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၃

ပျဉ်းမနားခရိုင် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်နှင့် အေလာမြို့ ရတနာပုံတောရ ပရိယတ္တိစာသင်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် လယ်ဝေးမြို့ ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ရွှေကျောင်းတော်၌ ကျင်းပသည်။

တက်ရောက်ကြည့်ညို

အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒနှင့် လယ်ဝေးမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တအရိယာဝံသတို့ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၃ ❍

အာဆီယံအသက်(၁၇)နှစ်အောက် ဘောလုံးပြိုင်ပွဲ
မြန်မာလူငယ်က လာအိုလူငယ်ကို အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၁၃

ဒုတိယအကြိမ် အာဆီယံအသက် (၁၇)နှစ်အောက် လူငယ် ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ နမ်ဒင်းမြို့၌ ဩဂုတ် ၁၂ရက်က စတင်ကျင်းပရာ မြန်မာလူငယ်အသင်းက လာအို လူငယ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဒုတိယပွဲစဉ်

မြန်မာလူငယ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်း ၄၂မိနစ်တွင် အသင်းခေါင်းဆောင် ပြည့်ဖြိုးဦးက သွင်းယူပေးသည်။ မြန်မာလူငယ်အသင်းသည် ဒုတိယပွဲစဉ် အဖြစ် ဩဂုတ် ၁၄ရက် (ယနေ့) **ညနေပိုင်းတွင် အိမ်ရှင်ဗီယက်နမ် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။**

(မြန်မာ့အလင်း)

မိမိတို့၏ကိုယ်ပိုင်စီးပွားရေးနှင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုး လုပ်ကိုင်ဆောင်ရွက်လို ဟင်္သာတမြို့နယ် NLD ပါတီဝင် ၁၅ဦးနှင့် ဒေးဒရဲမြို့နယ် NLD ပါတီဝင်လေးဦးစုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၁၃

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော လဟာပကျေးရွာ အုပ်စုမှ ရပ်/ကျေးအဖွဲ့ဝင် ဦးအောင်မောင်း၊ ဦးဝင်းထိန်၊ ဦးကြည်ဝင်း၊ ဦးဇော်တိုး၊ ဦးကိုကြည်၊ ဦးဝင်းလှိုင်၊ ဦးအောင်မြင့်သန်း၊ ဦးဟင်နရီ၊ ဦးအားထေ၊ ဦးလှငွေ၊ ဦးကြိုင်၊ ဦးအောင်မြင့်၊ ဇရပ်ကွင်းကျေးရွာအုပ်စုမှ ရပ်/ကျေးအဖွဲ့ဝင် ဦးသာကတိုး၊ ဦးရွှေလင်း၊ ဦးအုန်းရင်တို့နှင့် ဒေးဒရဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပါတီဝင်များဖြစ်ကြသော ချောင်းဖျားကျေးရွာမှ ရပ်/ကျေးအဖွဲ့ဝင် ဦးကျော်ဝင်း၊ ဦးအုန်းမောင်၊ ဒေါ်လှမြင့်နှင့်ဒေါ်ခင်သန်းမြင့်တို့သည် ဇူလိုင် ၂၅ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှနုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဟင်္သာတမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲနှင့် ဒေးဒရဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲတို့သို့ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့သည် "NLDပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့သည့်အပြင် ၎င်းတို့၏ ကိုယ်ပိုင်စီးပွားရေးကို တစိုက်မတ်မတ် လုပ်ကိုင်လိုခြင်း၊ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို တာဝန်ရှိသူများနှင့်အတူ လက်တွဲလုပ်ဆောင်လိုခြင်းတို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

ကွန်မြူနတီဒိုင်း

ချယ်လ်ဆီးအသင်းကိုနိုင်ပြီး ကွန်မြူနတီ ဒိုင်းဆုနှင့်အတူ လီဗာပူး အသင်းသားများအား ဤသို့ တွေ့ရသည်။

(ဓာတ်ပုံ–အင်တာနက်)

ပရီမီယာလိဂ်အဖွင့် ကွန်မြူနတီဒိုင်းပွဲယှဉ်ပြိုင် ခရော့ချ်၏ခေါင်းတိုက်ဂိုးဖြင့် လီဗာပူးအနိုင်ရ ချယ်လ်ဆီးမှ ဘောလက်၊ ဒရော့ဘာတို့ကို လူစားလဲခဲ့

သတင်းမြင်ကွင်း – မြင့်မောင်ဒိုး

လန်ဒန် ဩဂုတ် ၁၃

၂၀၀၆–၂၀၀၇ခုနှစ် ပရီမီယာရှစ် ဘောလုံးရာသီမတိုင်မီ ရာသီအဖွင့်ပွဲအဖြစ် ယမန်နှစ်ပရီမီယာရှစ်ချန်ပီယံချယ်လ်ဆီး အသင်းနှင့် အက်ဖ်အေဖလားချန်ပီယံ လီဗာပူးတို့သည် ဩဂုတ် ၁၃ရက်(မြန်မာစံတော်ချိန် ည ၈နာရီခွဲ)က ထောင်စုနှစ် ဘောလုံးကွင်းကြီး၌ကွန်မြူနတီဒိုင်းလုပွဲ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ လီဗာပူးအသင်းက ပရီမီယာရှစ် နှစ်ထပ်ကွမ်းချန်ပီယံ ချယ်လ်ဆီးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး ကွန်မြူနတီဒိုင်းကြီးကို ဆွတ်ခူးသွားပြီဖြစ်သည်။

အဆိုပါ ကွန်မြူနတီဒိုင်းသည် လီဗာပူးအသင်းအတွက် (၁၅)ကြိမ်မြောက်ဆွတ်ခူးသည့် ကွန်မြူနတီဒိုင်းဖြစ်သည်။

သွင်းယူ

ပွဲစလျှင်စချင်း နှစ်သင်းစလုံးသည် ရာသီအဖွင့်ဒိုင်း ဆွတ်ခူးနိုင်ရေးအတွက် စာမျက်နှာ ၇ ကော်လံ ၃ ■

မုန်တိုင်းငယ် ဩရိဿကမ်းခြေ ဖြတ်ကျော်ဝင်ရောက်

ရန်ကုန် ဩဂုတ် ၁၃

ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်ဟု သိရသည်။ (မြန်မာ့အလင်း)

မဒေါက်မြို့ စိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၁၃

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲတိုင်းထွာချက်အရ မဒေါက်မြို့တွင် စင်တီမီတာ ၁၀၇၀ သို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု သိရသည်။ (မြန်မာ့အလင်း)